


Generated by CamScanner from intsig.com

ဦးသုခ

# အဓမ

1(A)

**အခမေ**

ပထမအကြိမ်၊ ၁၉၉၇ နိုဝင်ဘာလ၊ အုပ်ရေ ၃၀၀၀

အဖုံးပန်းချီ စံတိုး၊ အတွင်းပန်းချီ ကျော်ဖြူစံ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၂/၉၇(၁၀) နှင့် စာမူခွင့်ပြုချက်
အမှတ် ၁/၉၇(၁၀) တို့အရ ဦးရဲမြင့်(၀၁၀၄၆)၊ တက်လမ်းစာပေ
၉၆၇၊ ပဒေသာရပ်၊ စော်ဘွားကြီးကုန်း က ထုတ်ဝေ၍ မျက်နှာဖုံး
နှင့်အတွင်းစာသားကိုဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ကလျာအော့ဖ်ဆက်
၁၅၂၊ ကျွန်းချောင်းမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

တန်ဖိုး ၂၀၀ ကျပ်

**ဖါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဆောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

## မာတိကာ

| | |
|---|---|
| ထိုတစ်နေ့ | ၅ |
| အမေ | ၁၆ |
| အမေနေ့ကျင်းပရေးနှင့်ဆရာကြီးဦးသုခ၏ဆန္ဒ | ၆၃ |

Generated by CamScanner from intsig.com

# ထိုတစ်နေ့



ပန်းချီ ကျော်ဖြူစံ

အမေ့ကျေးဇူးကို သိရှိ တုန့်ပြန် ပေးဆပ်ကြရေး အတွက် အမေနေ့ ဖြစ်ပေါ်လာစေရန် ဆရာကြီးဦးသုခက ဤဆောင်းပါးဖြင့် စတင် လှုံ့ဆော်ခဲ့ပါသည်။

"ဘယ်လိုလဲဆရာကြီး၊ ဟောပြောပွဲများ မလုပ်တာ ကြာပါပကော"

မိတ်ဆွေတစ်ယောက်က ဤသို့ စကားစ လာသဖြင့် ကျွန်တော်က ကျန်းမာရေးအခြေအနေအရ အနားယူနေရကြောင်း ပြန်ပြောရသည်။

"တတ်နိုင်ရင်တော့ မကြာမကြာ ဟောပေးဖို့ ကောင်းတယ်ဗျာ၊ ခင်ဗျားက မိခင်မေတ္တာကို ဦးစားပြုပြီး ဟောပြောလေ့ရှိတယ် မဟုတ်လား"

"အင်း–ဟောပြောခဲ့တဲ့ပွဲတွေ တော်တော်များခဲ့ပါတယ်၊ အဲဒါက သူများကို ဩဝါဒပေးတဲ့ သဘောမျိုးထက် အမေ့အပေါ်မှာ ကျွန်တော် ဝတ္တရား ပျက်ခဲ့သမျှ၊ အကြင်နာမေတ္တာ နည်းပါးခဲ့သမျှ နောင်တရတာတွေကို ဝန်ခံခဲ့တဲ့ သဘောနဲ့ ဖွင့်အန် ထုတ်ဖော် ပြောခဲ့တာတွေပါပဲဗျာ"

"အဲဒီလို ခင်ဗျား့ အမှားတွေကို ပြောပြတာတွေကို က လူငယ်လူရွယ်များ ခင်ဗျားလို မမှားအောင် ဆုံးမတာမျိုး ဖြစ်တာပေါ့ဗျာ၊ နောက်ပြီးတော့ ခင်ဗျားကိုယ်တိုင်က ကိုယ်တွေ့မို့ ခံစားမှုအပြည့်အဝနဲ့ စိတ်ပါလက်ပါ အားပါးတရ ဟောလေ့ဟောထ ရှိတယ်လေ၊ ဒီတော့ နားထောင်ရတဲ့ လူများအဖို့ ခံစားမှုတွေ တဖွားဖွားပေါ်လာတာပေါ့၊ လူငယ်

Generated by CamScanner from intsig.com

လူရွယ်တွေအတွက် သင်ခန်းစာရတာပေါ့။ ဒါ့ကြောင့် ခင်ဗျား မဟောဖူးသေးတဲ့ မြို့ရွာနေရာတွေမှာ ခင်ဗျား ကိုယ်တိုင် ဟောနိုင် ပြောနိုင်တုန်း ဟောပြောစေချင်သေးတယ်၊ ခင်ဗျား မှတ်မိဦးမလားမသိဘူး၊ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်က လုပ်သားသတင်းစာထဲမှာ သားသမီးများက မိဘကို အမွေဖြတ်တဲ့ သတင်းပါလာတယ်လေ”

“ဟာ–ကောင်းကောင်းမှတ်မိတာပေါ့ဗျာ၊ ၁၉၇၀ ပြည့်နှစ် ရှုလိုင်လထဲကပေါ့”

“အေးဗျာ၊ အဲဒီတုန်းက ကျုပ်ဖြင့် တစ်ဦးတည်းတောင် မကဘူး ထင်တယ်၊ ဒီသတင်းမျိုးတွေ တွေ့ရတာလေ”

“သတင်းမဟုတ်ပါဘူး၊ ကြော်ငြာတွေပါ”

“သတင်းဖြစ်ဖြစ်၊ ကြော်ငြာဖြစ်ဖြစ် ဘာထူးသေးလဲ”

“ကျွန်တော်က ထူးတယ်လို့ ပြောချင်ပါတယ်”

“ရှင်းစမ်းပါဦး၊ သတင်းစာထဲပါတာချင်း အတူတူပဲ မဟုတ်လား”

“သတင်းစာထဲပါတာချင်းတူပေမဲ့ သတင်းတစ်ပုဒ်အနေနဲ့ဆိုရင် အယ်ဒီတာလက်ထဲကမှ ရိုက်နှိပ်ဖော်ပြဖို့ သွားရတယ်၊ ဒါ့ကြောင့် တိုင်းပြည်ကို ဖော်ပြဖို့ သင့်မသင့် လျော် မလျော် တည်းဖြတ် သုတ်သင်ရတယ်၊ အကယ်၍ သတင်းတစ်ရပ်ကြောင့် ပြည်သူလူထုမှာ အကျိုးမရှိဘူး၊



ဒါမှမဟုတ် စိတ်ငြိုငြင်စရာ အကြောင်းရှိတယ် ဆိုရင် ရောက်လာတဲ့ သတင်းဟာ မှန်စေဦးတော့၊ ပယ်ချလေ့ ရှိကြပါတယ်၊ ခင်ဗျားတို့ ကျွန်တော်တို့ စိတ်မချမ်းသာအောင် တွေ့ခဲ့ရတာတွေက ပိုက်ဆံပေးပြီး ကြော်ငြာတာမို့ အယ်ဒီတာထံ မရောက်ဘဲ ကြော်ငြာတာဝန်ခံလောက်က တန်းချပေးတာမျိုး ဖြစ်ပါလိမ့်မယ်”

“အေးလေ–ထားပါတော့၊ ကျွန်တော်ဖြင့် အဲဒီကြော်ငြာကို ဖတ်ရတုန်းက ကစားနေကြတဲ့ သားသမီးတွေကို အထိတ်တလန့်နဲ့ ကြည့်ခဲ့မိတယ်၊ နောက်တော့ ဝမ်းနည်း လာခဲ့တယ်”

“လုပ်စမ်းပါဦး၊ ခင်ဗျားရဲ့ ခံစားမှု”

“သြော်–ဒါတော့ ခင်ဗျားလည်း ခံစားရမှာပါ၊ အထိတ်တလန့်ဖြစ်တာက သားသမီးက မိဘကို ဒီလောက်ရဲရဲတင်းတင်း မိုက်မိုက်ရိုင်းရိုင်း တော်လှန်ဝံ့ကြတာပေါ့။ သူ့အကြောင်းနဲ့ သူ့အကြောင်း၊ အဆိုးနဲ့အကောင်း ရှိကြမှာကို ကျွန်တော်မငြင်းလိုပါဘူး။ သားသမီးလည်း ပုထုဇဉ်၊ မိဘလည်း ပုထုဇဉ် မှားချင်လည်း မှားကြမှာပေါ့။ စိတ်နာတယ် ရှက်တယ်ပဲထား၊ ကိုယ့်မိသားတစ်စုနဲ့သာ သက် ဆိုင်ဖြေရှင်းနိုင်တဲ့ကိစ္စကို အခုလို တိုင်းသိပြည်ကျော် အကျိုးယုတ် အရှက်ခွဲတာတော့ နည်းနည်းလေးမှ စဉ်းစားလို့ မရဘူး။ ဒါကြောင့် ကိုယ့်ကလေးတွေကို ကြည့်ရင်း ဒင်းတို့ခေတ်ကို အထိတ်တလန့်ဖြစ်မိတာပေါ့ဗျာ”

Generated by CamScanner from intsig.com

"နောက်တော့ ဝမ်းနည်းလာတယ်ဆိုပါတော့ဗျာ"

"ဟာ–ဆက်တွေးရင် ဝမ်းနည်းစရာပေါ့၊ ကလေးတွေက ကျွန်တော့်မျက်စိအောက်မှာ ပျော်ပျော်ပါးပါး ကစားနေကြတယ်၊ စားချိန်သောက်ချိန်ကျပြန်တော့ မြိန်ရေ ယှက်ရေ ဆူဆူညံညံ စားသောက်နေကြတယ်၊ မိဘရဲ့ရင်ခွင်အောက်မှာ ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းဆိုတာတွေကို တွေ့ရတော့ ကိုယ့်မှာ မိဘအနေနဲ့ ကြည်နူးမှု(မုဒိတာ)အပြည့်အဝ ခံစားခဲ့ရတာချည်း ပါပဲ။ ရှေ့ရေးအတွက် ဒီထက်ပြည့်စုံအောင် ကျွေးဖို့၊ မွေးဖို့၊ ဆောင်ရွက်ဖို့ စေတနာတွေ တဖွားဖွား ရှိခဲ့ရတဲ့ စိတ်မှာ ဒီကြော်ငြာကို တွေ့လိုက်မိပြီဆိုတုန်းက မိဘအနေနဲ့ ဝမ်းနည်းမိတာ မျက်ရည်များတောင်လည်မိတာပေါ့ဗျာ" ဟု ကျွန်တော့်မိတ်ဆွေက ပြောရင်းပင် ငိုင်နေမိပါသည်။

"အင်း–အဲဒီတုန်းက အကြော်ငြာခံခဲ့ရတဲ့ မိခင်လည်း ခင်ဗျားတို့၊ ကျွန်တော်တို့စေတနာ ထားခဲ့သလို သူ့သားသမီးတွေ အပေါ်မှာ စေတနာ ထားခဲ့မှာပဲနော်"

"ဟာ–ဒါကတော့ လုံးဝယုံမှားစရာ မရှိနိုင်ပါဘူး၊ ဟိုတုန်းက ကြော်ငြာခဲ့တဲ့ ကလေးတွေကို ပြန်မေးတောင် သူ့တို့ကိုယ်တိုင် ဝန်ခံရမှာ သေချာတယ်"

"ဝန်ခံရုံတင်မက ပြန်ပြီး တွေးမိချင် တွေးမိရှာကြမှာပါဗျာ"

"တွေးမိရင်လည်း သတင်းစာထဲ မကြော်ငြာခင်



က တွေးမိရင် သိပ်ကောင်းမှာပဲနော်၊ ဒါမျိုးတွေ နောက်ကို မပေါ်အောင် ဆောင်းပါး ရေးသူက ရေး၊ တရားဟောတဲ့ လူက ဟော၊ ရှုတ်ချပွဲတွေတောင် လုပ်ပေးဖို့ကောင်းမလား"

"ဟာ–ရှုတ်ချပြစ်တင်တဲ့ အထိလုပ်ဖို့တော့ ကျွန်တော် လက်မခံချင်ပါဘူး၊ ခင်ဗျားပဲ အခုနပြောခဲ့တယ်လေ။ သားသမီးလည်း ပုထုဇဉ်၊ မိဘလည်း ပုထုဇဉ်ဆို။ စိတ်ဆိုတာလည်း အတည်အမြဲမရှိဘူး မဟုတ်လား၊ အခု ဒီစိတ်ရှိပေမဲ့ နောက်ကို ဒီစိတ်ရှိတတ်တာ မဟုတ်ဘူးလေ၊ ဒီတော့ အခုမှန်တယ် ထင်တာ နောင်မှားတယ်လို့ မြင်လာမှာပေါ့။ ဒါ့ကြောင့် အမြင်မှန် မြန်မြန်ရလာကြရအောင် ဖြောင်းဖြောင်း ဖျဖျ နားချ သိမ်းသွင်းပေးဖို့သာ လိုပါလိမ့်မယ်။ ဖခင်ကို သတ်တဲ့အထိ မှားခဲ့ဖူးတဲ့ အဇာတသတ္တုမင်းဟာ ဗုဒ္ဓကို အကြည်ညိုဆုံး လူပုဂ္ဂိုလ်ဖြစ်ခဲ့သလိုပေါ့။ သူတို့ကို မုန်းတီးစက်ဆုပ်မဲ့အစား မေတ္တာနဲ့ ကရုဏာတရား ဝိုင်းကူပြကြရမယ်။ အချိန်ကျလို့ 'ကျွန်တော်၊ ကျွန်တော်မ တို့ ကြော်ငြာခဲ့သည်များကို ဝမ်းနည်းနောင်တရစွာ ပြန်လည်ရုတ်သိမ်းပါသည်' ဆိုတဲ့ ကြော်ငြာများကို ပြန်ဖတ်ကြရရင် လူ ရှင် ရဟန်း ဘယ်လောက် သာခု ခေါ်လိုက်ကြမလဲ၊ ခင်ဗျား စဉ်းစားစမ်း"

"အေးဗျ–ဒီလိုကြော်ငြာမျိုးကို မတွေ့ခဲ့ရပေမဲ့ သူတို့မိဘများကိုတော့ ဝန်ချတောင်းပန် အသနားခံပြီးကြပြီလို့ ကျုပ်က ရဲရဲပြောလိုက်ချင်တယ်၊ ဘာဖြစ်လို့လဲ သိ

Generated by CamScanner from intsig.com

လား၊ အဲဒီတုန်းက စိတ်လိုက်မာန်ပါနဲ့ ကြော်ငြာခဲ့တဲ့ ကလေးတွေဟာ အခုဆိုလူကြီးဖြစ်နေကြပြီလေ”

“ဟာ–ဟုတ်တာပေါ့။ အချိန်က ၁၅ နှစ်လောက် တောင်လွန်ခဲ့ပြီလေ၊ သတိ နှောင်တ ရကုန်ကြတော့မှာပေါ့”

ကျွန်တော့်မိတ်ဆွေမှာ စကားမဆက်ဘဲ အတွေးနယ်ချဲ့နေပုံရသည်၊ ထိုနောက် ဘဝင်မကျသော လေသံနှင့် ဆက်၍ ဆိုပါသည်။

“မိဘကို မလေးစားကြတာ လက်ဝဲစွန်းရောက်နေကြလို့များလား”

“ဒီမှာ မိတ်ဆွေ လက်ဝဲစာပေ ကျမ်းကြီး ကျမ်းခိုင်တွေကို ကျွန်တော် နှံ့နှံ့စပ်စပ် မဖတ်ခဲ့ဖူးတာကိုတော့ ဝန်ခံပါတယ်၊ ဝတ္ထုတို့ ဆောင်းပါးတို့မှာတော့ မိခင်ဘခင်ကို သိဒ္ဓိတင်ထားတဲ့ အကြောင်းအရာ အရေးအသားတွေ တွေ့ခဲ့ရဖူးပါတယ်။ ရုပ်ရှင်ကားတွေမှာလည်း ထိုနည်းပါပဲ။ ဆိုရှယ်လစ်ဗိသုကာကြီးဖြစ်တဲ့ လီနင်ကိုယ်တိုင် အားထားပေါင်းသင်းခဲ့တဲ့ စာရေးဆရာကြီး ဂေါကီ ဆိုရင် မိခင်အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးခဲ့တာတွေ အထင်အရှား ရှိပါတယ်၊ ဆိုရှယ်လစ်နိုင်ငံတွေမှာ လူကြီးမိဘကို တရိုတသေ လုပ်ကျွေးမွေးမြူပြီး ‘သက်တော်ရှည်ပွဲ’ ကျင်းပကြတာတွေ ရှိပါတယ်”

“ဟာ–ကျုပ်တို့ဆီက မောင်မင်းကြီးသားများနဲ့ ဘာဆိုင်လို့တုံး နော်”



“နေဦး၊ ကျွန်တော်ပြောဦးမယ်၊ ဆိုရှယ်လစ် ယူဂိုဆလားဗီးယားပြည်နယ်မှာ တီဘာလစ္စမြို့ကိုဝင်တာနဲ့ ပေ ၁၅၀ လောက်မြင့်တဲ့အမျိုးသမီးကျောက်ရုပ်တုကြီးကိုတောင်ခါးပန်းတစ်ခုမှာ တွေ့ခဲ့ရတယ်။ လက်တစ်ဖက်က ဓားကို ကိုင်ပြီး ဘယ်ဖက်လက်က အရက်ခွက်ကို ကိုင်ထားတဲ့ဟန်နဲ့ တော်တော်အသက်ဝင်ပါတယ်၊ အနုပညာ မြောက်လှပါတယ်”

“အဲဒါ ဘာသဘောလဲဗျာ”

“အဲဒါ သူတို့ပြည်နယ်ကို ကိုယ်စားပြုတဲ့ အထိမ်းအမှတ်ရုပ်တုကြီးပေါ့။ မိတ်ဆွေပီသရင် အရက်နဲ့ဧည့်ခံဖို့ အဆင်သင့်ရှိသလို၊ ရန်သူဆိုရင်လည်း ပြတ်ပြတ် သားသားဓားနဲ့သုတ်သင်မယ်ဆိုတဲ့ သဘောကိုပြထားတာပဲ”

“တယ်ပြီး ကောင်းတဲ့ အဓိပ္ပာယ်ပဲနော်”

“အေး–ကျွန်တော်ကတောင် သဘောကျမိကြောင်း ပြောခဲ့မိသေးတယ်၊ ခင်ဗျားစဉ်းစားကြည့်လေ၊ ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားတဲ့ အမျိုးသမီး ရုပ်တုကြီးနှစ်ခု တွေ့ခဲ့ဖူးတာရှိပါရဲ့။ တစ်ခုက အလင်းရောင်ကို ပြနေတာနဲ့ တစ်ခုကတော့ တရားမျှတမှုကို ပြနေတာပဲ ရှိတယ်။ သူ့တို့ရုပ်တုကတော့ ကျွေးမွေးပြုစုချင်တဲ့ မိခင်စေတနာမျိုး ပါဝင်နေတယ်လေ”

“မိခင်ဆန်တယ်လို့ဆိုနိုင်တာပေါ့ဗျာ၊ ဟုတ်ပါရဲ့”

“သူတို့ပြည်နယ်ဟာ ဆိုရှယ်လစ်အမိနိုင်ငံပါတဲ့၊ အဖနိုင်ငံလို့မခေါ်ပါဘူးတဲ့”

Generated by CamScanner from intsig.com

"ဟောဗျာ ဒါလည်း **အဆန်း**သားပါကလား"

"ဟုတ်တယ်၊ အမိကို ဘာဖြစ်လို့ ဒီလောက်တွယ်တာရသလဲလို့ ဆိုတော့ လောကမှာ အမိသာလျှင် မဖောက်မပြန် မှန်ကန်သော ထာဝရမေတ္တာရှင် ကရုဏာရှင်ဖြစ်လို့ပါတဲ့"

"ဟာ–သဘာဝကျလိုက်လေဗျာ၊ ဆက်စမ်းပါဦး"

"သူတို့အိမ်ထောင်စုတိုင်းမှာ မိခင်သာလျှင် အိမ်ထောင်တစ်ခုလုံး၏ အချုပ်အချာ အာဏာပိုင်ဖြစ်ရတယ်တဲ့၊ အမိမရှိရင် အစ်မအကြီးဆုံးက မိခင်နေရာကိုယူပြီး အုပ်ချုပ်ကွပ်ကဲရတဲ့ ထုံးစံရှိပါတယ်တဲ့၊ အဲသလောက်နေရာပေးကြတယ်"

"အေးဗျာ ဒါ့ကြောင့် ကမ္ဘာပေါ်မှာ အသက်တစ်ရာ့နှစ်ဆယ်ပုဂ္ဂိုလ်ကြီးတွေ ရော့်ဂျီယာပြည်မှာ အများဆုံး ရှိတယ်လို့ ဆိုကြတာနေမှာပဲ"

"ကျွန်တော်တို့ဆီမှာလည်း အရင်ကဆို စစ်တိုက်သွားမယ့် သားတွေဟာ အမေ့ထဘီစကို နားငွေ့ငင်းပန်သွားကြတာ အများကြီးပေါ့၊ မိဘကို ရှိသေတဲ့ သားသမီးဟာ အသက်ရှည်တယ်၊ ဘေးကင်းတယ်၊ လူနတ်ချစ်ခင်တယ်"

"အင်း–ခင်ဗျားပြောသလို ဝန်ချတောင်းပန်တဲ့ ကြော်ငြာများ တစ်နေ့နေ့မှာ ဖတ်ရရင် ကျုပ်တို့ ဘယ်လောက် ကျေနပ်ရမယ် မသိဘူး၊ သူတို့အမေဆို မပြောနဲ့"

"ခင်ဗျားက တစ်နေ့နေ့ဆိုလို့ ကျွန်တော် ဖြစ်စေ



ချင်တဲ့ နေ့တစ်နေ့ကို ပြောရဦးမယ်၊ ကျွန်တော်တို့မှာ ဗုဒ္ဓနေ့၊ အလုပ်သမားနေ့၊ အာဇာနည်နေ့၊ စာဆိုတော်နေ့ ဆိုတဲ့နေ့ တော်တော်များများ ရှိနေကြပါတယ်။ ဒီကြားထဲ နေ့တစ်နေ့ ထပ်တိုးဖို့ အပတ်စဉ် ထိထိုးခဲ့တာ ကြာပါပြီ၊ မပေါက်သေးတာနဲ့ အကောင်အထည်မဖော်ရသေးတာ"

"ခင်ဗျားဥစ္စာက ခပ်ဆန်းဆန်းပါလား"

"ခပ်ဆန်းဆန်းဆို ငွေတစ်သိန်းလိုချင်တာကိုးဗျ၊ ငွေမရှိလို့ မဖြစ်ဘူး"

"ရှင်းစမ်းပါဦး"

"မိခင်နေ့ လုပ်ဖို့ပေါ့"

"မိခင်ကို ပူဇော်ဖို့လား၊ ဒါက သီတင်းကျွတ်လပြည့်နေ့ ရှိပါပကော"

"သီတင်းကျွတ်လက ဝါကျွတ်ပွဲပဲ၊ ဆရာသမားမိဘ ကန်တော့ကြတယ်, ဝါဝင်ဝါထွက် ကန်တော့တယ်ဆိုပေမဲ့ မီးထွန်းပွဲတော်နဲ့လည်း ဆက်စပ်နေပါသေးတယ်။ မိခင်အတွက် သီးသန့် သက်သက်တော့ မဆိုနိုင်ဘူးလို့ထင်ပါတယ်။ ဒါ့ကြောင့် နှစ်စဉ် မေလ ဒုတိယအပတ်တနင်္ဂနွေနေ့ကို ကမ္ဘာမှာ 'ကမ္ဘာ့မိခင်များနေ့' လို့ အတူးသတ်မှတ် ကျင်းပနေသလို မြန်မာပြည်မှာလည်း 'မြန်မာမိခင်များနေ့'ကို အတူးသီးသန့်နေ့အဖြစ် ပြာသိုလပြည့်နေ့ကို သတ်မှတ်ချင်ပါတယ်၊ အဲဒီနေ့ဟာ နေ့လွတ်လည်းဖြစ်နေပါတယ်၊ ရာသီဥတုက အေးမြတယ်၊ သာယာ ကြည်

လင် တယ်၊ ဒါတွေဟာ မိခင်ရဲ့မေတ္တာစေတနာကို တင်စားဖို့ အကောင်းဆုံးလို့ ယူဆပါတယ်”

“ကဲ–ဆက်စမ်းပါဦးဗျာ

“ဦးစွာပထမ တိုင်းပြည်က လေးစားကြည်ညိုကြတဲ့ ပညာရှိ အမျိုးသမီး အမျိုးသားကြီးများကို တောင်းပန်ပြီး အမှုဆောင်အဖွဲ့တစ်ခု ဖွဲ့စည်းပေးမယ်၊ ကလေး သူငယ်များကို မိခင်ရဲ့ကျေးဇူးမေတ္တာအတွက် တုံ့ပြန် ဝတ်ပြု သောအားဖြင့် သောက်ရေကလေး တစ်ခွက်ကအစ ပန်းကလေးတစ်ပွင့်က အစ တတ်နိုင်သမျှ လှူဒါန်းပူဇော်ကြအောင် တစ်ပြည်လုံးကို ဆော်ဩတိုက်တွန်းပေးစေချင်တယ်။ အချို့က ရေခပ်ပေးခြင်း သနပ်ခါးသွေးပေး အဝတ်အစား လျှော်ပေး အနှိပ်အနင်းပြုပေး စသည်အားဖြင့် ပေါ့ဗျာ”

“ခု ခင်ဗျား ပြောသလိုဖြင့် ငွေကုန်စရာမှ မလိုဘဲ”

“နေပါဦးလေ၊ ခုဟာက ကလေးအရွယ်တွေကို ပြောနေတာမို့ပါ။ ကဲ–ကုန်စရာတွေလာတော့မယ်၊ အဲဒီနေ့မှာ မိခင်ရဲ့ဂုဏ်ကျေးဇူးနဲ့ပတ်သက်ပြီး အဟောအပြော ပြိုင်ပွဲ၊ သီချင်းအရေးအဆိုပြိုင်ပွဲ၊ ကဗျာအရေးအရွတ်ပြိုင်ပွဲ၊ ပြဇာတ်အရေးအပြပြိုင်ပွဲ၊ ဝတ္ထုဆောင်းပါးပြိုင်ပွဲ၊ ဓာတ်ပုံရုပ်ရှင်ပြိုင်ပွဲ အဲသလိုပြိုင်ပွဲတွေကို ထိုက်ထိုက်တန်တန် အနည်းဆုံး ဆုငွေတစ်ထောင်က တစ်သောင်း အထိ ပွဲကြီးလမ်းကြီးနဲ့ ခမ်းခမ်းနားနားချီးမြှင့်ပြီး အများ အားကျအောင် ဆောင်ရွက်ကြစေချင်တယ်၊ ဒါ့ကြောင့် ငွေတစ်သိန်းဆိုတာ



နည်းတောင် နည်းနေဦးမယ်”

“အင်း–ခင်ဗျားစိတ်ကူးယဉ်တာ ဆိုးတော့မဆိုးလှဘူး။ နိုင်ငံတော် ယဉ်ကျေးမှု ဌာနကတောင် စိတ်ဝင်စားမယ်ဆို စိတ်ဝင်စားလောက်တယ်”


“ဒါကတော့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ တို့လိုပေါ့ဗျာ။ တစ်ဦးကောင်း နှစ်ဦးကောင်း လုပ်ရင်းက ဒီဌာ အကျိုးသက်ရောက်လာတာ တွေ့ရင် အစိုးရက ဘယ်ကြည့်နေတော့မှာလဲ၊ အသိအမှတ်ပြုပြီး ရုံးပိတ်ရက်အဖြစ်တောင် ဂုဏ်ပြုချင်ပြုလာမှာ၊ ပထမ စရဲ့ဘာတော့ ကျွန်တော်တို့ ကိုယ်တိုင်ပဲ”

“အေးဗျာ မိခင်ကို ရှိသေဖို့ကတော့ လက်ဝဲ လက်ယာမရွေး အရှေ့အနောက်မရွေး လူမျိုးဘာသာမရွေး ထောက်ခံအားပေးကြမှာပေါ့၊ ကျုပ်ပါ ငွေနှစ်ကျပ်နဲ့ ကံစမ်းဦးမှပဲ”

“ဒီမှာမိတ်ဆွေ၊ လောကမှာ အမေကိုမှ မချစ်ဘူး၊ မသိတတ်ဘူးဆိုတဲ့လူဟာလေ သူကိုယ်တိုင် ဘယ်သူ့ကိုမှ ချစ်လိမ့်မယ်မထင်နဲ့၊ တိုင်းပြည်ကိုလည်း မချစ်ဘူး၊ ဘယ်သူ့ကိုမှလည်း ရှိသေမှာမဟုတ်ဘူး။ ဘယ်သူ့ကျေးဇူးကိုမှလည်း သိတော့မှာ မဟုတ်ဘူးဆိုတာ စိတ်သာချ၊ ဒီဌ ဒီဌ အမှန်ပါပဲဗျာ”

( ၂၃· ၇· ၇၀ ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာမှ)

# အမေ




'ထိုတစ်နေ့'ဆောင်းပါး၏လှုံ့ဆော်မှု၊ ဆရာကြီးဦးသုခ၏ ပြင်းပြသော ဆန္ဒဖြင့် ကြိုးပမ်းမှု၊ သက်ဆိုင်ရာစေတနာရှင် ပုဂ္ဂိုလ်တို့၏ အားတက်သရော ပံ့ပိုးကူညီမှုတို့ကြောင့် ၁၃၅၈ ခုနှစ် ပြာသိုလပြည့်နေ့တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး ၏ သာသနဗိမာန်တော်၌ မန္တလေးမြို့ အမေနေ့ဖြစ်မြောက်ရေး အဖွဲ့ကြီးမှ အမေနေ့ ပူဇော်ပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ယင်း အမေနေ့ ပူဇော်ပွဲတွင် ဆရာကြီးဦးသုခ က အောက်ပါအတိုင်း ဟောပြောခဲ့ပါသည်။

အမေ ………………။

အမေရေ။ အောင်ပြီ အမေရေ …..။ အောင်ပြီ အမေရဲ့။

အမေ့သား ဖြစ်ချင်တာ ဒီနေ့ အောင်ပြီလေ–အမေရဲ့၊ ကျွန်တော့်ကို ကြည့်နေတဲ့ အမေ့ ပြုံးရွှင်တဲ့မျက်နှာမှာ နှုတ်ခမ်းက ပြုံးပေမဲ့ မျက်လုံးက စွတ်စိုနေပါလား အမေရယ်။ အမေ ပြောချင်တာ ကျွန်တော်သိပါတယ် အမေ။ ကျွန်တော် နားလည်ပါတယ် အမေ။

အမေပြောချင်တာက "ငါ့သားရယ်၊ မင့် အသက် ၈၇ နှစ်တောင် ရှိနေပြီ။ ဒါတောင် ငါ့သားက အခုထက်ထိ

ကလေး ဆန်တုန်းပါလား" လို့– အမေဒီလိုပြောချင်လို့ကျွန်တော့်ကို ပြုံးပြီးကြည့်နေတာ မဟုတ်လား အမေ။ နှုတ်ခမ်းက ပြုံးပေမဲ့ မျက်လုံးမှာ မျက်ရည်စို့နေတဲ့မျက်နှာထား၊ ကျွန်တော် ကောင်းကောင်းကြီးမှတ်မိတာပေါ့ အမေရယ်။ ၁၉၃၆ ခုနှစ်တုန်းက ကျွန်တော် ဒုလ္လဘရဟန်းခံပြီးတော့ ကျိုက်လတ်မြို့ အမေရှိရာကို ပြန်လာတဲ့အချိန်မှာ သံဃာတော် ၁၀၀ နဲ့ ဆွမ်းခံကြွတဲ့အချိန်၊ အမေ့အိမ်ရှေ့ ဖြတ်အသွား အမေ ကျွန်တော့်ကို သံဃာတွေအထဲမှာ ရှာပြီးတွေ့လိုက်တဲ့ အချိန်၊ ပုဏ္ဏားကွယ် လက်တန်းလေး ကိုင်ပြီးတော့ အမေ ကျွန်တော့်ကို ကြည့်နေတဲ့မျက်လုံးနဲ့ နှုတ်ခမ်းကို ကျွန်တော်ကောင်းကောင်းမှတ်မိတာပေါ့အမေရယ်။

အခု အမေ ကျွန်တော့်ကို ကြည့်နေပြန်ပြီ။

"အော်–ငါ့သား၊ အခုထက်ထိ ကလေးဆန်တုန်းပါလား"

ကျွန်တော် ကလေးဆန်လို့ မဟုတ်ပါဘူး အမေ။ အမေ့ကို ကျွန်တော် တိုင်တည်စရာတွေ၊ ပြောစရာတွေ အများကြီးရှိတယ်အမေရဲ့။ ဒီနေ့ ကျွန်တော်"အောင်ပြီ" လို့ အော်လိုက်တာ ကလေးဆန်တဲ့ စိတ္တုပ္ပါဒနဲ့ အော်လိုက်တာ မဟုတ်ပါဘူး အမေ၊ အရင့်အရင်က၊ တိတိကျကျ ပြောရရင် လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ က ဥပါသကာသူတော်စင်ကြီး တစ်ယောက် အော်တဲ့အသံကို အားကျလို့ အော်လိုက်တာပါ အမေရယ်။ အမေ ကျွန်တော် နည်းနည်း ရှင်းပြမယ်နော်။



ဟိုး–လွန်ခဲ့တဲ့နှစ်ပေါင်း ၂၅၀၀ က မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါ၊ သာဝတ္ထိပြည် အနားမှာ အင်မတန်ဆင်းရဲတဲ့ ပုဏ္ဏားလင်မယား ရှိပါတယ် အမေ။

ပုဏ္ဏားကြီးက ရတနာသုံးပါးကို ကြည်ညိုပေမဲ့ ကာမာဝစရကုသိုလ်ကံက နည်းတော့ အင်မတန်ဆင်းရဲရှာတယ်။ ဘယ်လောက် ဆင်းရဲသလဲဆိုရင် လင်မယား နှစ်ယောက်ပေါင်းမှာမှ ဟိုခေတ်က ဟိန္ဒူတွေ အမြတ်တနိုးထားတဲ့ အပေါ်ရုံပုဆိုးကောင်း(အမေရယ် တဘက်အကြီးစားပေါ့) တစ်ထည်ပဲ ရှိပါတယ်။ ထသွား လာသွား သွားတဲ့အခါမှာ ဟိန္ဒူတို့ရဲ့ ဘာသာဓလေ့အတိုင်း အဲဒီအဝတ်တန်ဆာကို ပခုံးပေါ်တင်ပြီးတော့ သွားကြရပါတယ် အမေ။

အဲဒီလို လင်မယားနှစ်ယောက် ပေါင်းမှ ပုဆိုးကောင်း တစ်ထည်ပဲ ရှိတဲ့အတွက်ကြောင့် သူတို့ရဲ့ ငယ်နာမည် ပျောက်ပြီး လင်မယားနှစ်ယောက်စလုံးကို အရပ်က ခေါ်နေတာကတော့ ဧကသာဋက ပုဏ္ဏား လင်မယား တဲ့ အမေရဲ့။ ဧကဆိုတာ တစ်ခုတည်း။ သာဋက ဆိုတာ ပုဆိုး။ လင်မယား နှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုးကောင်း တစ်ထည်တည်း ရှိလို့ 'ဧကသာဋက'တဲ့ အမေ။

ပုဏ္ဏေးမကြီးက ဈေးဝယ် နာဝယ် သွားချင်တဲ့ အခါ ပုဏ္ဏားကြီးကို အိမ်မှာထားခဲ့ပြီး ဒီအပေါ်ရုံပုဆိုးလေးကို ပုခုံးပေါ်တင်ပြီးမှ ဈေးသွားဝယ် ရတယ်။ ပုဏ္ဏားကြီးက

Generated by CamScanner from intsig.com

လူမှုရေးရာနှင့် ရပ်ရွာကိစ္စကို သွားချင်တဲ့အခါကျရင် ပုဏ္ဏားမ ကြီးကို အိမ်မှာထားခဲ့ပြီး တစ်ထည်တည်းသော အပေါ်ရုံ ပုဆိုးကို ပုခုံးပေါ်တင်ပြီးတော့ ရပ်ရွာကိစ္စ၊ လူမှုရေးကိစ္စ လုပ်ရပါသတဲ့ အမေရယ်။

သူ့တို့နှစ်ယောက်စလုံးဟာ သာဝတ္ထိပြည် အစွန်နားမှာနေတော့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား တရားဟောတော်မူနေတာကို သွားရောက် နာယူလိုကြတယ်။ ဒါပေမဲ့ အဲဒီတရားနာကို လင်မယားနှစ်ယောက် အတူ မသွားနိုင်ရှာဘူး အမေ။ အပေါ်ရုံပုဆိုးက တစ်ထည်ပဲ ရှိတာကိုး။

တစ်နေ့တော့ မနေနိုင်ကြလို့ လင်မယား နှစ်ယောက် တိုင်ပင်တယ်။

"တို့နှစ်ယောက်သား အတူတွဲပြီး တရားနာဖို့ ဆိုရင်ဖြင့် ပုဆိုးတစ်ထည်တည်းရှိတာမို့လို့ သွားလို့မဖြစ်ဘူး။ ဒီတော့ ပုဏ္ဏားမကြီး၊ မင်းက နေ့ခင်းသွားပြီး တရားနာချေ။ မင်းပြန်လာတော့မှ ညဦးပိုင်း တရားပွဲကို ငါ သွားပါမယ်ကွာ"

အဲဒီလို တိုင်ပင်ပြီးတော့ နေ့ခင်းဘက်မှာ ပုဏ္ဏားမကြီးက သွားတရားနာပါတယ် အမေရယ်။ ညနေပိုင်းကျ ပုဏ္ဏားမကြီး ပြန်လာတော့မှ ပုဏ္ဏားကြီးက အဲဒီ တစ်ထည်တည်းသော ပုဆိုးကို ရုံပြီးတော့ မြတ်စွာဘုရားကျောင်း သွား တရားနာရတယ် အမေ။





သဗ္ဗပါဏိနံ၊ အလုံးစုံ များစွာ သတ္တဝါ အပေါင်းတို့၏။ ဟိတာယ၊ စီးပွားအလို့ငှာ(ဝါ)ကိုးကွယ် လဲလျောင်းပုန်းအောင်းမှီခိုရခြင်း အလို့ငှာ။ ဗုဒ္ဓေါတိ၊ ဘုရားဟူ၍။ ဥပ္ပန္နော၊ ဥဒိတောင်စွန်းမှာ နေစက်ဝန်းကဲ့သို့ ဖြစ်ထွန်း ပေါ်ပေါက်ခဲ့လေပြီတကား။

အထောက်အခံ ကံဉာဏ်ကြီးရင့် ပွင့်ထိုက်သော သတ္တဝါ ဝေနေယျာတို့ကို ပွင့်ပါစေနလုံးဖြင့် ဖွေချုံ့ ထစ်ကျိုး ရှစ်ကိုးနယ်ကုန် သုန်သုန်ပြင်းဝုန် ရွာဖျန်းသွန်သော မေဃဝန်တမျှ ဓမ္မဘေရီ မေဒနီကို နာရီမလပ် လူနှင့်နတ်အား မပြတ်တိုက်ကျွေး ပေးတော်မူသောမြတ်စွာဘုရား–

အတိုချုပ်ပြောကြစို့အမေ–။ အမေတော့ နားလည်ပါတယ်။ ကလေးတွေနားလည်အောင် ကျွန်တော်ပြောချင်လိုက်တယ်။ မြတ်စွာဘုရားဟာ သတ္တဝါ ဝေနေယျတွေ အပေါ်မှာ အကျိုးလိုလားတော်မူသဖြင့် တစ်နေ့မှာ ၂၄ နာရီ ရှိတဲ့အနက် မိနစ် ၄၀ လောက်ပဲ အရုဏ်တက်ခါနီးမှာ ဖလသမာပတ်ဝင်စားပြီး မဟာဂန္ဓကုဋိတိုက်ထဲမှာ မိန်းလျက်နှင့် ကျိန်းစက်တော်မူတယ် အမေ၊ မိနစ် ၄၀ ပဲ။ ကျန်တဲ့ အချိန်တွေမှာ တရားဟောနေတာပါ အမေ။

အဲဒီလိုအချိန်မှာ အခုန ကေသာဠကပုဏ္ဏားကြီးက သွားပြီးတော့ တရားနာတယ် အမေရယ်။ ကျွန်တော်ပြောချင်တာတွေ အများကြီးဆိုတော့ အတိုချုံးတန်တာတွေ ချုံးပါရစေတော့။ အမေ့ကို ကျွန်တော်ပြောချင်တာတွေ အ

Generated by CamScanner from intsig.com

များကြီး အမေရေ–။ အမေသိပါတယ် အမေ။ ညဉ့်ဦးယံက သွားပြီးတော့ ဧကသာဠကပုဏ္ဏားကြီးက တရားနာတယ်။ မြတ်စွာဘုရားက ခန္ဓာ အာယတန ဓာတ် သစ္စာ ပဋိစ္စ သမုပ္ပါဒ်တွေ ညဦးပိုင်းမှာ ဟောတယ်။ သန်းခေါင်အချိန် သံဃာတော်တွေ ကင်းရှင်းတော့ တစ်ခါတစ်ရံ နတ်ဗြဟ္မာ တွေ လာတယ်။ တရားဟောဖို့ တောင်းပန်တယ်။ မင်္ဂလ သုတ်ဟောတာ အဲဒီ သန်းခေါင်ယံအချိန်ပေါ့ အမေရဲ့နော်။ အမေငယ်ငယ်က ကျွန်တော့်ကို ချပေးတာလေ။ အ သေ ဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စသေဝနံ။ ဘုန်းကြီးကျောင်း မနေရဘဲနဲ့ အမေသင်ပြလို့ ပရိယတ္တိ ဝါသနာပါခဲ့တာတွေ၊ အမေ့ကျေးဇူးတွေ အများကြီးပေါ့ အမေရယ်။

အဲဒီ ညဉ့်ဦးယံကစ တရားနာပြီး ဧကသာဠက ပုဏ္ဏားကြီး မြတ်စွာဘုရားသခင်ကို ကြည်ညိုလာလိုက်တာ။ ဗုဒ္ဓဇိနော် ပွင့်ထွန်းပေါ်၍ ရှင်တော်မြတ်ဘုရား ဟောတရား ကြောင့် ဤကားကုသိုလ် အကုသိုလ်ဟု ထိုထိုဘုံဘဝ သိကြရ များလှကျေးဇူးပေ– တောင်မြို့ မဟာဂန္ဓာရုံ ဆရာ တော်ဘုရားကြီးရဲ့အာဘော်ပေါ့ အမေရယ်။

မြတ်စွာဘုရားကျေးဇူးတွေကြီးလွန်းလို့ ဧက သာ ဠက ပုဏ္ဏားကြီးက "တောက် ငါ–ပစ္စည်းကလည်း ဆင်းရဲ လိုက်တာ၊ အနာထပိဏ်တို့လို ဝိသာခါတို့လို မချမ်းသာ တောင်မှ လယ်သမား ယာသမားလောက်ရှိရင် တော် သေး တယ်။ ဆွမ်းတစ်နပ် ကျွေးနိုင်တယ်၊ သင်္ကန်းတစ်ထည်



ကပ်နိုင်တယ်။ အခု ငါ့မှာ ဘာမှ မရှိ၊ ဟောဒီ အပေါ်ရုံ ပုဆိုးတစ်ထည်ပဲရှိတယ်။ ငါ ဒါလှူမှပဲ"

အမေရယ် သဒ္ဓါ တရားတက်လို့ လှူမလို့ကြံ တုန်း။

မလှူဖြစ်ဘူး အမေ။

လှူမယ်ကြံတယ်၊ "အော် ငါတို့လင်မယား နှစ် ယောက်စလုံးမှာမှ တစ်ထည်တည်း ရှိတာ၊ ရပ်ရွာကိစ္စနှင့် ထသွားထလာသွားတောင်မှပဲ ဒီအပေါ်ရုံပုဆိုးတစ်ထည် မရှိ ရင် သွားလို့မရသေးဘူး။ လှူလို့မဖြစ်သေးပါဘူး"

သဒ္ဓါတရားနှင့် မစ္ဆေရ တိုက်ပွဲဖြစ်နေကြတဲ့ အချိန် ပေါ့ အမေရယ်။ 'လှူလို့မဖြစ်သေးပါဘူးကွယ်'လို့ ကိုယ့် ကိုယ်ကို ဆင်ခြေပေးတာက မစ္ဆေရ၊ လှူချင်ပါတယ်ဆိုတဲ့ စေတနာက သဒ္ဓါ။ မလှူဖြစ်ပြန်ဘူး။ သန်းခေါင်ယံ ရောက် သွားတယ်။

မြတ်စွာဘုရားက တရားဟောလျက်ပဲ နေတယ်။

သန်းခေါင်ကျတော့ "ဟယ် လှူတော့မယ်ပ။ ငါ လှူလိုက်တော့မယ်"

ဟော–ဆင်ခြေဆင်လက်က လာပြန်တယ်။

"နေဦးလေ–မင်းစဉ်းစားကြည့်ပါဦး၊ ဧက သာဠ က။ မင်း သုံး ပြီးသား အဝတ်ပါ။ မင်းတို့ခြုံပြီးသား အဝတ်။ လင်မယား နှစ်ယောက်စလုံး တစ်ယောက်တစ်လဲစီခြုံနေတဲ့ အဝတ်နဲ့ မြတ်စွာဘုရားနှင့်ဘယ်တန်ပါ့မလဲကွယ်။ မင်း

တကယ် လှူချင်လို့ရှိရင် အလုပ်တွေ ကြိုးစားလုပ်၊ ဆယ်ရက် လုပ်လုပ်၊ တစ်လလုပ်လုပ်၊ တစ်နှစ်လုပ်လုပ်၊ ရအောင်လုပ်ပြီးတော့ တစ်ထည်ဝယ်ပြီးတော့ အသစ်စက်စက် ဘုရားလှူတော့ ကောင်းတာပေါ့။ အခုဒီအဝတ်တော့ လှူလို့ မကောင်းပါဘူးကွယ်”

အေး - ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဟောမစ္ဆေရက သဒ္ဓါတရားအပေါ် အနိုင်ယူလိုက်တာ အမေ။ မလှူဖြစ်ပြန်ဘူး အမေရဲ့။ အရုဏ်က တက်တော့မယ်။ မြတ်စွာဘုရား ဖလသမာပတ်ဝင်စားပြီး မဟာဂန္ဓကုဋီတိုက်ထဲ ဝင်တော့မယ်။ အဲဒီအချိန်ကျတော့ မနေနိုင်ဘူး။

“ဟယ်--ဘာပဲဖြစ်ဖြစ်၊ လှူဖြစ်အောင် ငါလှူတော့မယ်။ နောက်မှရောက်ယား၊ တို့ လင်မယား အိမ်ထဲကနေ အိမ်ပြင်မထွက်ရ နေပစေ၊ လူမှု ကိစ္စတွေ မလုပ်ရ နေပစေ၊ ဈေးဝယ်နာဝယ်မသွားရလို့ ရှိသမျှဟာတွေနဲ့ စားရစားရနေပါစေ၊ ငါအတင်းလှူမယ်ဟဲ့” ဆိုပြီးတော့ မစ္ဆရိယကို အကျောက်အကန်ပြုပြီးတော့ ဗွတ် သွားလှူလိုက်တယ်။

မြတ်စွာဘုရားခြေတော်ရင်းပုံပြီး

“အရှင်ဘုရား တပည့်တော်၏ တစ်ထည် တည်းသော ပုဆိုးကို၊ အင်မတန်နိမ့်ပါးသော အဖိုးမတန်သော ပစ္စည်းကို မြတ်စွာဘုရား တပည့်တော်အား သနားသဖြင့် အလှူခံတော်မူပါဘုရား။ ခြေသုတ်ပုဆိုးအဖြစ်နှင့် သုံးတော်မူပါ ဘုရား”



အဲဒီလို အော်ပြီးတော့ ဗွတ်သွားပြီး ကပ်လိုက်တယ်။ မြတ်စွာဘုရားက တုဏှိဘာဝေ ဆိတ်ဆိတ်နေပြီး အလှူခံတော်မူလိုက်တယ်။ အဲဒီအချိန်မှာ အမေရယ်၊ ကောသလမင်းကြီးက ... သာဋကပုဏ္ဏားကြီးဟာ “ငါလှူဖြစ်ပြီ၊ ငါလှူဖြစ်ပြီဟ။ ပထမယံ ဒုတိယယံ တတိယယံအထိ ငါစစ်တိုက်ခဲ့ရတဲ့ အလှူကြီး”

သဒ္ဓါတရားက မစ္ဆေရကို မနိုင်နိုင်အောင်တိုက်နေရတဲ့ အလှူကြီး၊ အပြင်ဘက်ကတော့ မသိကြဘူး၊ အတွင်းမှာ စိတ္တုပ္ပါဒမှာတော့ ဘယ်လောက်အထိ ပင်ပန်းနေသလဲဆိုတာ သူကိုယ်တိုင်သာ သိတာ၊ အပြင်လူမှာ ဘယ်သိပါ့မလဲနော်။

ဓမ္မမိတ်ဆွေများ ပါကြပါတယ်။ တရားထိုင်တယ်ဆိုရင်ဖြင့် အများကတော့ သိနေတာက ‘အော်-ငြိမ်နေတာပဲ၊ လှုပ်တောင်မလှုပ်ဘူး၊ ငြိမ်နေတာပဲ’ လို့။ သူ့စိတ်ထဲမှာ စိတ္တာနုပဿနာအထိ ရောက်လာတယ် သို့မဟုတ် ဝေဒနာနုပဿနာအထိပဲ တင်နေတဲ့အချိန်မှာ သူ ဘယ်လောက်ပင်ပန်းနေတယ်ဆိုတာ မသိကြဘူးနော်။ ဓမ္မမိတ်ဆွေများကတော့ ကိုယ်တိုင်ခံစားနေရတော့ သိမှာပေါ့။

ဒီတော့ ဧကသာဋကပုဏ္ဏားကြီးက “ငါဟာစစ်ပွဲတိုက်ရတာဘယ်လောက်ပင်ပန်းတယ်ဆိုတာငါပဲသိတယ်။ အခုငါလှူဖြစ်ပြီဟေ့။ နောက်မှရောက်ယား ဘာပဲဖြစ်ဖြစ် တို့လင်မယား”

Generated by CamScanner from intsig.com

မနေနိုင်ဘူး အမေ။ လှိုက်လှိုက်လှဲလှဲဖြစ်လွန်းတော့။ အင်မတန့်အင်မတန်လှိုက်လှိုက်လှဲလှဲဖြစ်တော့နှလုံးကနေ ပွင့်ထွက်ချင်တယ်အမေ။ ဒါမှသက်သာရာရမယ် အမေ။ ကျိတ်ခံစားရလို့မခံနိုင်တော့ဘူး အမေ။ ဒီတော့ ဘုရားနားက နေပြီးတော့ ထပြီးခွတ်ထွက်ပြေးတယ်အမေ။ ခွတ်ထွက်ပြေးပြီးတော့မှ ဇေတဝန်ကျောင်း အပြင်ဘက်နားလောက် တံခါးပေါက်နား ရောက်လောက်အောင် သွားပြီးတော့မှ အားရပါးရ အော်လိုက်တာ

"အောင်ပြီဟေ့--။ ငါအောင်ပြီကွ၊ အောင်ပြီကွ"

အမေ- ကျွန်တော် ကလေးဆန်တာ မဟုတ်ပါဘူးအမေ။ ဉပါသကာတစ်ဦးအောင်မြင်သွားတဲ့အချိန်မှာလှိုက်လှိုက်လှဲလှဲနဲ့မအောင့်နိုင်လွန်းလို့အော်သလို အမေ့သားအော်လိုက်တာပါ အမေရယ်။

အမေ စဉ်းစားကြည့်ပါအမေ-။ ၁၉၃၆ ခုနှစ်က အမေ့ကို ကွေကွင်းရတဲ့နောင်တ ကျွန်တော်သတိရမိတယ် အမေ။ ၁၉၃၆ ခုနှစ်က၊ တွက်ကြည့်ပါအမေ၊ နှစ်ပေါင်း ၆၀ ရှိပြီ။ အဲဒီကနေပြီးတော့မှ အမေစားရသော ထမင်းတစ်နပ် ဆိုသလိုပဲ ကျိုက်လတ်ပြန် ရဟန်းခံ၊ ငါတစ်သက်ကြီးပွား မှ ငါ့အမေကို ငါကြီးပွားမှသာ ပြုစုမယ်ဆိုရင် ငါမကြီးပွားခင် ငါ့အမေသေသွားရင် ဘယ့်နှယ်လုပ်ပါ့မတုံး။ နော်။

ကဲ-ငါ့အမေက မသေသေးပါဘူး။ ငါ ယောင်လည် ယောင်လည်နဲ့ ရန်ကုန်မြို့ပေါ်မှာ ကုန်းကြောင်း



လျှောက်နေရတဲ့အချိန် ဒိုင်းခနဲ မော်တော်ကားတိုက်ပြီး သေလိုက်မယ်တဲ့။ ငါ့အမေက မသေသေးပါဘူး။ ငါ သေ သွားပြီ။ ငါ့အမေကို လုပ်ကျွေးခဲ့တာ ဘာများရှိခဲ့သလဲ။ မရှိတော့ဘူး။ နောင် မင်း ဘယ်တော့မှ ကြီးပွားပြီး ဘယ်တော့မှ ကျွေးနိုင်မယ်လို့ မင်းကို နေ့ရက် အကန့်အသတ် ထားပြီး ဘယ်သူကများ အာမခံထားတုံး။ အာမခံချက် ဘယ်သူမှ မရှိပါဘူး။

ရန်ကုန်မြို့မှာ အမေ-အမေသိပါတယ်။ ပိုက်ဆံ ၇ ပြားနဲ့ ထမင်းတစ်နပ်စားနိုင်တယ်နော်-အဲဒီအချိန်အမေ့သား ထမင်းနပ်မှန်အောင် မစားခဲ့ရဘူး။ သုခဆိုတဲ့နာမည်လေးရအောင် ဒုက္ခနဲ့နပန်းလုံးနေခဲ့ရတာဟာ ဘယ်လောက်ကြာသလဲ၊ အမေ သိပါတယ် အမေ။ အဲဒီတော့ ငါ့အမေ မသေခင် ကလေး၊ နောင်လည်း ငါ ကျွေးနိုင်ဖို့ရာ မရေရာတဲ့အတွက် အခု ငါဆွမ်းခံကြွနေတဲ့ အချိန်၊ အမေ-ပရိယတ္တိ ကျေးဇူးပါ။ ပရိယတ္တိကျေးဇူးပါ။ ဒီလို သတိရတာ ပရိယတ္တိပါ။

ဒါကြောင့် 'ပရိယတ္တိသည် အခြေခံ၊ ပဋိပတ္တိသည် လုပ်ငန်း၊ ပဋိဝေဓသည် ခရီးပန်းတိုင်ရောက်တာပေါ့' အမေရဲ့။ ပရိယတ္တိဆိုတာ လိုအပ်တယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွားတဲ့။ မသိမှ မသိရင် မပယ်နိုင်ပါဘူး အမေ။ မပယ်နိုင်ရင် မဆိုက်ရောက်ပါဘူး။ ဆိုက်ရောက်အောင်လည်း ဘယ့်နှယ်လုပ် ပွားများနိုင်မလဲ။ အမေ- အဲဒီတုန်းက ကျွန်တော့်ကို

Generated by CamScanner from intsig.com

ပရိယတ္တိသြဇာလေးက လွှမ်းထားတော့ အမွန်မြတ်ဆုံးသော သီလဝန္တပုဂ္ဂိုလ်ဖြစ်နေတယ်။ ဒုလ္လဘရဟန်းဆိုတော့ အာပတ် သင့်မှာကို သိပ်ကြောက်တယ်။ တစ်ချိန်လုံး တစ်ချိန်လုံး တရားထိုင် ကြရတယ်။ မဟာပုဗ္ဗာရုံ ရွှေကျင်ကျောင်းတိုက် ဆိုတာ ကျိုက်လတ်မှာ အင်မတန် စည်းကမ်း ကြီးပါတယ်။ ပစ္ဆိမာရုံ ရွှေကျင် ကျောင်းတိုက်ဆိုတာက ရွှေကျင်သာသနာပိုင် ဆရာတော် ဘုရားကြီး သီတင်းသုံးတာပါ။

အဲဒီအချိန်မှာဆိုရင်အမေသိပါတယ်။ အမေခံစားခဲ့ရပါတယ်နော်။ ကျွန်တော်ဆွမ်းခံပြီး အမေ့ကို ထမင်းတစ်နပ်ကျွေးခဲ့မိတယ်။ အမေမျက်ရည်လည်လည်နဲ့ ငိုပြီးတော့

"နောင်များမကျွေးပါနဲ့တော့ သားရယ်။ မင့်မှာ မောင်ပဉ္စင်းမှာ ကုသိုလ် ရချင်ရမှာပါ။ အမေ့မှာတော့ ကုသိုလ်မရတဲ့အပြင် ဝမ်းနည်းဝမ်းသာ ဒေါမနဿ ဖြစ်ရပါတယ်၊ ပရိဒေဝက ကုသိုလ် မဖြစ်နိုင်ပါဘူး။ ခွင့်လွှတ်ပါတယ်၊ ငါ့သားကို ခွင့်လွှတ်ပါတယ်" ဆိုပြီး အမေ ပြောခဲ့တယ် နော်။

အဲဒီကတည်းက ရန်ကုန်ပြန်ရောက်လာပြီးတော့ ကျွန်တော် အလုပ်အကိုင်အခြေတကျဖြစ်လာတယ်။ အမေ့ကို ထမင်းတစ်နပ်တည်း ကျွေးခဲ့တဲ့ အရှိန်အဝါဟာ ကျွန်တော့်ကိုအကျိုးပေးပြီ အမေ။ ကျွန်တော် သိတာပေါ့ အမေ။ ဆက်တိုက်ဆက်တိုက်အကျိုးပေးလာတယ်။နာမည်ထင်ရှားလာတယ်။ ပိုက်ဆံလည်း စုမိလာတယ်။ အမေ



ပုသိမ်မှာ ညီမအငယ်ဆုံးလေးနဲ့ လိုက်နေတယ်။ အမေ့ ပြန်ခေါ်တယ်။

လာမယ့်လာတော့ ၁၉၄၀ အောက်တိုဘာလ၊ စစ်ဖြစ်တော့မယ်။ အမေကျွန်တော့် အိမ်လိုက်လာတယ်။ လိုက်လာတဲ့အချိန်မှာ အမေဟာ တီဘီ ရောဂါလွန်နေပြီ။ လွန်နေတဲ့အတွက် ဆရာဝန်တွေနဲ့ ကုလို့ မရတော့ဘူး။

ဆရာဝန်တွေက ပြောတယ် –

"မင်းသိပ်မိုက်တယ်၊ မင်းသိပ်မိုက်တယ်၊ မင်းအမေ ဒီလောက်ရောဂါကျွမ်းနေတာကို မင်းက ငါ့အခုမှ လာပင့်သလား"တဲ့။

အမေ့ကိုပြတဲ့ မစ္စတာဒေး ဆိုတာက ဘင်္ဂါလီ ဆရာဝန်ကြီးပါ။

"မဟုတ်ဘူးဆရာ၊ ကျွန်တော့်အမေ ပုသိမ်မှာ နေတယ်"

"ပုသိမ်မှာရော ဆရာဝန်မရှိလို့လား ကွ" တဲ့။

"အော် ပုသိမ်မှာကျွန်တော့်ညီမလေးနဲ့အတူ နေတာ၊ ကျွန်တော် အခု ဘာလုပ်ရမလဲ ဆရာရယ်၊ ဆေးတွေအမျိုးမျိုး ထိုးပြီး လုပ်ပါခင်ဗျား၊ ကျွန်တော့်မှာ ငွေ ငါးရာရှိပါတယ်"

ဟိုတုန်းက ငွေငါးရာလေး စုထားမိတာနော်။ အမလေး–အဲဒီ ငွေငါးရာလေးကို အမေ့ကုဖို့ပေါ့။ ဟိုတုန်းက ငွေကိုး၊ ဟိုတုန်းက ငါးရာကိုး။

"ဘာမှမင်းမတတ်နိုင်ပါဘူး။ မင်းအမေဟာ အခု ရက်သတ္တပါတ်အတွင်းမှာအနိစ္စရောက်လိမ့်မယ်"တဲ့။

"ဟာ- ကျွန်တော် ဘာလုပ်ရမလဲ၊ ဘာကျွေးရမလဲ၊ တစ်ခုခုကျွေးပါရစေ ဆရာရယ်"

"ဆန်းကစ်အရည်လေးညှစ်ပြီးဂလူးကို့စ်လေးနဲ့ ဇွန်းလေးနဲ့တိုက်ပါတော့"တဲ့။

အမေထမင်းတစ်နပ်စားမသွားရဘူးနော်အမေ။ အမေမှတ်မိပါတယ် အမေနော်။ ကျွန်တော်လည်း မကျွေးနိုင်ခဲ့ဘူးနော်။ အဲ-ရဟန်းခံပြီး ကျွေးရကောင်းမှန်းသိတဲ့ သာသနာကကျွန်တော့်ကိုပါရမီအလျောက်ညွှန်ကြားလိုက်တဲ့ အသိကလေးပေးလိုက်တဲ့ ရဟန်းအဖြစ်နဲ့ ဆွမ်းခံပြီး တစ်နပ်တည်းကျွေးခဲ့ရတာကြောင့် အမေစားရသော ထမင်း တစ်နပ်ဆိုပြီးတော့ ကျွန်တော်ရေးခဲ့တယ် အမေ။

၁၉၆၀ ခုနှစ်ကျတော့ အမေ၊ ကျွန်တော်တစ်ယောက်တည်း အမေကိုသတိရတာကို ကျွန်တော်မကျေနပ်နိုင်တော့ဘူး။ သားသမီးတွေ၊ ရှိတဲ့သားသမီးတွေက ကျွန်တော့်လို မမိုက်ပါနဲ့။ ကျွန်တော့်လို မိုးလွန်မှ ထွန်မချကြပါနဲ့။ ကျွန်တော့်လို နောင်မှတတဲ့ နောင်တမျိုး မဖြစ်ပါစေနဲ့ ဆိုပြီးတော့ အမေကျေးဇူးဆပ်ဖို့ လိုက် တရားဟောတယ် အမေ။ စာရေးခဲ့တယ် အမေ။ နောက်ဆုံး ရုပ်ရှင်ပြခဲ့တယ် အမေ။

စကားပြောသော အသည်းနှလုံး။



အမေ့ကို ရည်ညွှန်းပြီးတော့ ရိုက်ခဲ့တာ မဟုတ်လား။

အဲဒီတော့ အမေရယ်၊ ၁၉၃၆ ခုနှစ်က သန္ဓေတည်လာတဲ့ အမေ့ကျေးဇူးသိရမှာကို ၁၉၆၆ ခုနှစ်ကျတော့ကျွန်တော် လိုက်တရားဟောတယ် အမေ။ အခု ၁၉၉၆ ခုနှစ်၊ နှစ်ပေါင်း ၃၀ ရှိပြီ အမေ။ နှစ်ပေါင်း ၃၀ ကျွန်တော်က လိုက် တရားဟောတော့ လူတိုင်းလူတိုင်း လက်ခံကြပါတယ်၊ 'အမေနေ့'လုပ်ဖို့ကောင်းတယ်၊ အမေ့ကျေးဇူး သိဖို့ကောင်းတယ်၊ အမေ့ကျေးဇူးသိတယ် သိတယ် သိတယ်၊ လူတိုင်းသိပါတယ်။ လူတိုင်းသိတာကို မင်းက လိုက်ပြောနေရသေးလား။

အမေ-ကျွန်တော်ဒီလိုစုစုဝေးဝေးကြီးနဲ့အမေကို သတိရပါတယ်ဆိုတဲ့လူစုလူဝေးကြီးကိုကြည့်ချင်တယ်အမေ။ မြင်ချင်တယ်အမေ။

အမေသိပါတယ်အမေရယ်။ ဘိက္ခုဆိုတာ ရဟန်း တစ်ပါးတည်းပါ အမေ။ ကံကြီးကံငယ်ကို အတူတကွ တူမျှအောင် ကျင့်ကြမယ်ဆိုတဲ့အခါကျတော့ ဘိက္ခုတစ်ပါးတည်းနဲ့ မရတော့ပါဘူး အမေ။ သံဃာအများ ဝင်လာရမယ်။ ကံကြီးကံငယ် အမှုကိစ္စနှင့် ပတ်သက်ပြီး ပြုစုရမယ်။ ဟောဒီမန္တလေးမြို့ပေါ်မှာပဲ ပဥ္စမသင်္ဂါယနာတင် သွားတာ သံဃာကြောင့်ပေါ့အမေရယ်။ ဘိက္ခုတစ်ပါးတည်း နှစ်ပါးတည်းနဲ့ မရဘူး အမေ။

Generated by CamScanner from intsig.com

ဒီတော့ ကျွန်တော် လိုချင်တာပေါ့ အမေရယ်။ ကျွန်တော့်လို သတိရတဲ့လူတွေ ကျွန်တော်နဲ့ အကျိုး အတူ ခံစားချင်တဲ့လူတွေ။

ကျွန်တော့်မှာတော့ အမေမရှိတော့ဘူးလေ။ ရှိသေးတဲ့လူတွေကြားထဲမှာ ဖောက်ပြန်တဲ့ဝါဒတွေ ဖောက်ပြန်တဲ့အယူအဆတွေ အများကြီး အများကြီး တိုးဝင်လာတတ်တယ် မဟုတ်လားအမေ။

မကြားကောင်း မနာသာ ပြောရရင်၊ အမေရယ်–ကျွန်တော် မပြောရက်ပါဘူး အမေ၊ သို့ပေမဲ့ ကျွန်တော် ပြောပါရစေတော့ အမေ။

"သားသမီးက မိဘကို ကျေးဇူးပြုဖို့ မလိုပါဘူး၊ သူတို့ချင်း သူတို့ချင်း သွေးသားသောင်းကျန်းလို့ ဖြစ်ကြတာ၊ သူတို့ကိစ္စနဲ့ ကျုပ်တို့ကိုမွေးလာတာ၊ ကျုပ်တို့ကို ကျွေးမွေးဖို့ သူတို့မှာ တာဝန်ရှိတာပေါ့"ဆိုတဲ့ စကားတွေကို ၁၉၆၀ မတိုင်ခင်က အများကြီး ကြားခဲ့ရတာပေါ့ အမေရယ်။ ဘယ်နှယ့်လုပ် ကျွန်တော်ခံနိုင်မှာလဲ အမေ။

အမေ စဉ်းစားကြည့်စမ်းပါ အမေ။ တွက်ကိန်းနဲ့ တွက်ပြရရင် ညဉ့်သုံးယံ တစ်ညတည်း တိုက်ခဲ့ရတဲ့သူက သုံးခွန်းအော်ရင် ကျွန်တော် အခွန်းသုံးဆယ် မအော်နိုင်ဘူးလား အမေ။ 'အမေဆိုတာ ကျေးဇူးတင်ထိုက်တယ်' ဆိုတာ သိကြအောင် နှစ်ပေါင်း ၃၀ ကြိုးစားခဲ့တာ လူတိုင်းသိပါတယ်။



မြတ်စွာဘုရား ဟောတော်မူတဲ့ တရားရှိပါတယ်။

"အာနန္ဒာ၊ လောကမှာ တွေ့ဖို့ အင်မတန်ရှားတဲ့ လူသုံးပါး ရှိပါတယ်။

ပထမတန်းစားက သူတစ်ပါးကျေးဇူးကိုသိတယ် ဆိုတဲ့လူ၊ အင်မတန်ရှားတယ်။ အဲဒီသိတယ်ဆိုတဲ့လူက ကျေးဇူးကန်းတာ မဟုတ်သေးဘူးနော်။ သိတတ်ဖို့ကို ရှားတာ၊ သိတတ်တာကို ရှားတယ်။ အမှတ်တမဲ့မသိတတ်ဘဲနဲ့ နေမိတာတွေ၊ အမှန်တကယ် သိတယ်၊ သာမန်ကာသိတဲ့လူတွေရှိနေတယ်၊ အဲဒီလို သိတဲ့သူ ရှားတယ်"

အာနန္ဒာက "ဟောတော်မူပါဘုရား၊ ဒုတိယ ပုဂ္ဂိုလ် ဟောတော်မူပါဘုရား" တဲ့။

"ဒုတိယပုဂ္ဂိုလ်ကတော့သူ့ကျေးဇူးရှိတာကို ကိုယ်က ဖော်ထုတ်ပြီး လူလယ်ကောင်မှာ ပြောဝံ့တဲ့ ပုဂ္ဂိုလ်၊ ပြောချင်တဲ့ ပုဂ္ဂိုလ်၊ ပြောဖို့ကိုသတိရတဲ့ပုဂ္ဂိုလ်က ရှားတယ်"

ဟုတ်ပါတယ်၊ ကျွန်တော်တို့ ကိုယ်ချင်းစာ ကြည့်ကြပါ။ ကျွန်တော့်တို့ ပတ်ဝန်းကျင်မှာ ကြည့်ကြပါ၊ သိပါတယ် သိကြပါတယ်။ ကျေးဇူးတော့ရှိပါရဲ့၊ ထုတ်မပြောချင်ဘူး။ ကျေးဇူးတော့ရှိပါရဲ့၊ ငါ့အစွမ်းအစနဲ့ ငါရှိနေတာပဲလို့ လက်ခံနေကြတယ်။ ကျေးဇူးတော့ ရှိပါတယ်။ ယုတ်နိမ့်တဲ့ လူတန်းစားမို့လို့ ကျေးဇူးရှိပါလျက် မပြောချင်ဘူး။ ကိုယ့်ထက်မြင့်မြတ်တဲ့လူက ကျေးဇူးရှိရင် အမလေး သူ့ကျေးဇူး ရှိပါတယ် ပြောရတာ အို – အာဝဇ္ဇာန်း ရှင်လိုက်တာ။

Generated by CamScanner from intsig.com

ကိုယ့်ထက်နိမ့်တဲ့လူတစ်ယောက်ဆီက ကျေးဇူးရှိထားရင် အဲဒီနိမ့်တဲ့လူအကြောင်းကို ထုတ်ပြောရမှာစိုးလို့ မပြောချင်ဘူး။ ဆရာကာပြန်လို့ အာလုံ့စူးတယ်ဆိုတာ ကြားဖူးကြတယ်လေ။ ဖျိုင်းဆီကရတဲ့ ပညာကို 'ဖျိုင်း ဆီက ရတဲ့ ပညာပါဘုရား' လို့ ရှင်ဘုရင်ကို မလျှောက်ချင်တော့ 'ကျွန်တော့်ဟာ ကျွန်တော်တတ်တာပါ'လို့ပြောတော့ ဆရာကာပြန်လို့ အာလုံ့စူးတယ်ဆိုတဲ့စကားတွေ အမေ သိပါတယ်နော်။

အဲ–နောက်ဆုံးကတော့ သိလည်း သိတယ်၊ သိအောင် သူများကိုလည်း ပြောဝံ့တယ်၊ ပြောရဲတယ်၊ ပြောနိုင်တယ်။ နောက် ပြန်ဆပ်နိုင်တယ်၊ ပြန်ဆပ်နိုင်တဲ့လူက အရှားဆုံးပဲ။ အမေ – ကျွန်တော်ဒီဟာတွေကို ပရိယတ္တိမှာ အများကြီးတွေ့ခဲ့တာပေါ့။

ဒါကြောင့် အမေမှန်သမျှ ဘယ်လောက်အထိ ကျွန်တော်မှန်းထားသလဲ။ အမေမှန်သမျှ ဘာသာခြား လူမျိုးခြားရယ်လို့ ကျွန်တော့်စိတ်ထဲမှာ မရှိပါဘူး။ သားသည် အမေတစ်ယောက်ဟာ အမေပါပဲ အမေ။ သူက ယုတ်ညံ့လို့၊ သူက လူမျိုးခြားမို့လို့၊ သူက ဘယ်ဘာသာ မို့လို့ မဟုတ်ပါဘူး အမေ။ မဟုတ်ပါဘူး။ ကျွန်တော်မြင်တာဖြင့် ကျွန်တော်ပြောဦးမယ် နော်။ ကျွန်တော် လွန်သွား မလား၊ မလွန်ပါဘူးအမေ၊ ကျွန်တော် စဉ်းစားထားပြီးမှ ပြောတာပါ အမေ။





အမေမှန်ရင်လေ–အမေ၊ ခွေးသားအုပ်မကြီးပဲဖြစ်ပါစေတော့၊အော်––သူဟာသူ့သားတွေအတွက်အမေပဲ။ ခေါက်ဆွဲဆိုင်တွေ လမ်းဘေးဆိုင်တွေမှာတိုးဝင်စားသောက်နေတယ်၊ တချို့လူတွေက ခြေထောက်နဲ့ ကန်လိုက်တယ်၊ တချို့က မောင်းပစ်တယ်။ သူ့ခမျာမှာ သားသည် အမေဆိုတာ ဘာလို့သိလဲ၊ သူခွေးသားအုပ်မမှန်း ဘာလို့ သိလဲ၊ နို့ပြင်းကျကြီးနဲ့ကိုး။ သူ့ခမျာ အစာလိုက်ရှာ၊ ရှာတော့လည်း အမှိုက်ပုံထဲမှာ လိုက်ရှာ၊ နှုတ်သီးနဲ့ထိုးပြီး ကောင်းတဲ့ဟာလေး စားတယ်။ မကောင်းတာတွေ ဖယ်ပစ်ပြီး စားတယ်။ ကျွန်တော်မြင်တယ်။ အမေ၊ အော်–သူ အမေပဲ။ ဒါအမေနဲ့ ပတ်သက်တဲ့ နီးနွယ်တဲ့ ကျွန်တော့် စေတနာတွေကို ကျွန်တော်ဖောက်သည်ချတာပါ။ ကျွန်တော် မရှက်ပါဘူး အမေ၊ အမေဟာ တိရစ္ဆာန် ဖြစ်ပါစေ အမေပဲ။

ဟော–စားသောက်ပြီးရင်သူပြန်ပြီးပြေးတော့မယ်။ ဘယ်ပြေးမတုံး၊ သူ့သားတွေရှိတဲ့နေရာ သွားပြီး တော့ တုံးလုံးလှဲပြီး အိပ်လိုက်တယ်။ ခွေးမလေးတွေ ခွေးထီးလေးတွေက အကုန်လုံး ပြွတ်ပြွတ်ပြွတ်ပြွတ်နဲ့ စို့လိုက်ကြတာ။ သဖန်းပင်မှာ သဖန်းသီး သီးသလိုပဲ၊ တချို့က အား မရလို့ လက်ကလေးနဲ့ ဒီလို ဒီလိုလုပ် နို့ညှစ်တယ်။ သူ သည်းညည်းခံပြီးနေတယ်။ စားလာသမျှ အာဟာရတွေကို နို့အဖြစ် ဒီမှာ လာတိုက်ကျွေးတယ် အမေ။

အမေ စဉ်းစားကြည့်စမ်းပါ၊ အမေဟာ အမေပါ၊

Generated by CamScanner from intsig.com

နည်းနည်းလေးကြီးလာတော့ သူတို့နို့ပြတ်ပြီ။ အဲဒီခွေးမကြီးဟာလေ၊ သူများရဲ့အငေါက်ခံ အကန်ခံပြီး စားချင်တဲ့ဟာတွေ စားလာပြီးတဲ့နောက် ပြန်သွားပြီးတော့ နို့ပြတ်တဲ့ကလေးတွေကို ဝေ့ခနဲအန်ပြီး ကျွေးတယ်အမေ။ခွေးလေးတွေ လေးငါးခြောက်ကောင် အလုအယက် စားကြတဲ့ အခါကျတော့ မျှမတဖြစ်မှာစိုးလို့ ဒီမှာတစ်ပုံ ဝေ့ခနဲ အန်ပြီးနောက်တစ်ပုံ ဝေ့ခနဲ ၃ ပုံလောက် အန်ကျွေးတယ် အမေ။

"မင်းတို့မျှမျှတတစားကြပါ သားတို့သမီးတို့ရယ်"

ပြောရင်အများကြီးပါခင်ဗျာ၊ ပြောရင် အမေရယ်အများကြီးပေါ့။ ကျွန်တော်တို့ကလေ-အဲဒီတိရစ္ဆာန်တွေကိုတိရစ္ဆာန်လို့ခေါ်နေတာနော်။ အခုကျွန်တော်တို့ဘုရားရှိခိုးတယ်၊ သီလယူတယ်၊ ကန်တော့တယ်။ အရေးအကြီးဆုံးဘာထားသလဲ။

"ဤကဲ့သို့ ပြုရသောစေတနာကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်းကင်းလွတ်ငြိမ်းသည်ဖြစ်၍"

အပါယ်လေးပါးဆို ကြောက်ကြလွန်းလို့တဲ့။ အဲဒီ အပါယ် လေးပါးကို ကြောက်ရမှာပေါ့။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်တဲ့။ အဲဒီထဲမှာ တိရစ္ဆာန်ဆိုတာ ပါလာတယ်၊ အခုန ခွေးသားအုပ်မကြီးပါလာတယ် အမေ။

ခွေးစားကြည့်စမ်း၊ တိရစ္ဆာန တိရစ္ဆာန်၊ ကောင်း



ကင်ကို ကျောနဲ့ဖိလာပြုပြီး သွားနေတဲ့ သတ္တဝါတွေ တဲ့။ ပြောချင်တဲ့ ပရိယတ္တိအဓိပ္ပာယ်ကတော့ မဂ်ဖိုလ်နဲ့ ဖီလာကန့်လန့် ဖြစ်နေတဲ့သတ္တဝါတွေ၊ မဂ်ဖိုလ်ကို မရောက် နိုင်တော့ဘူး။ တိရစ္ဆာန်ဘဝနဲ့ တစ်မဂ်တစ်ဖိုလ်ကို မရနိုင်ဘူး။ မရနိုင်ဘူး။ နောက်တစ်ခါ သူတို့မှာ အလိုသုံးပါးပဲ သိတယ်တဲ့။ ဘာလဲ- စားဖို့ရယ်, အိပ်ဖို့ရယ်, မေထုန်မှီဝဲဖို့ရယ်၊ အောက်တန်း အကျဆုံး ပုဂ္ဂိုလ်တဲ့။

တိရစ္ဆာန်တောင်မှ နောက်ထပ် ချဲ့လိုက်သေးတယ် အမေ။ အဟိတ်တိရစ္ဆာန်တဲ့ အမေရဲ့။ အဟောတုက အဟိတ်ခေါ်တယ် မဟုတ်လား အမေ။ အလောဘ အဒေါသအမောဟ အဲဒီမှာ ကုသိုလ်ဖြစ်ဖို့ အကြောင်းတရားသုံးပါးစလုံးမှာဘာကုသိုလ်နဲ့မှမဖြစ်နိုင်တဲ့ပဋိသန္ဓေနဲ့ရှင်လာတယ်၊ အဟိတ်တိရစ္ဆာန်တဲ့အမေ၊ အဲဒီအဟိတ်တိရစ္ဆာန် ဆိုတာကိုစာထဲမှာ တွေ့ပေမဲ့ အမေရယ်၊ ကျွန်တော်တော့လေ ခွေးသားအုပ်မကြီးကြည့်ပြီးတော့ အဟိတ်တိရစ္ဆာန် ပေမဲ့လည်းအမေစိတ်ဓာတ်ရှိပါကလား ဆိုတာကို ကျွန်တော် ခံစားမိတယ် အမေ။ သားလေးတွေ မကြီးပြင်းခင်မှာ အစာစားဖို့ပြတယ်။

ငှက်ကလေးတွေ ကြက်ကလေးတွေလည်း ထိုနည်း လည်းကောင်း ပါပဲ၊ ကျွန်တော် အတိုချုံးပြောတာပါအမေရယ်။ အမေဒီလောက်ပြောရင်သိပါတယ်။ အများကြီးအများကြီး သိပါတယ်။ ငှက်ကလေးတွေဆိုလည်း အပျံ

Generated by CamScanner from intsig.com

သင်စ၊ ဥထဲက နေပြီးတော့ ရင်အုပ်မကွာ။ ရင်အုပ်မကွာဆိုတာ ငှက်ကလာတဲ့ စကားတွေပေါ့။ ရင်နဲ့ကိုအုပ်ပြီးတော့ ထားရတယ်။ ကြက်ကလေးတွေ ရင်နဲ့အုပ်ထားရတယ်။ အပူငွေ့ပေးပြီးတော့ဖွားအောင်လုပ်ရတယ်။ အဲနောက်ကျတော့ အစာရှာနည်းတွေ၊ အတောင်ဖြန့်နည်းတွေ၊ ရန်သူလာလို့ရှိရင်ပုန်းနည်းကွယ်နည်းတွေသင်တယ်။

ကျွန်တော်တို့ဗမာစကားမှာရှိတယ်။ ရှေးဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနဲ့ဘ။ သူ့တို့တစ်တွေလည်း အဟိတ် တိရစ္ဆာန်ဆိုတဲ့ပုဂ္ဂိုလ်တွေရော၊ သတ္တဝါတွေရော သူ့ သားလေးတွေကို သင်မပေးဘူးလား အမေ။ သင်ပေးတာ ကျွန်တော်တို့မျက်မြင်ပဲ။ အစာရှာနည်း၊ ရန်သူနဲ့ ပုန်းကွယ်နည်း၊ တိုက်ခိုက်နည်းနော်။ ကိုယ့်ဘ၀မှာ ကိုယ်ရပ်တည်နိုင်တဲ့နည်း သင်ပေးတယ် အမေ။

ဒီတော့ ကုန်းနေရေနေ ထွေထွေပြားပေမဲ့ အမေများကတော့ မနုဿဆိုတဲ့လူတွေနဲ့ ယိုးစွဲလိုက်နေကြတာ အမေ လက်မခံပေဘူးလား အမေရယ်။ ကျွန်တော်တော့ ဒီလိုပဲလက်ခံတယ် အမေ။ အကုသိုလ် ကုသိုလ် မသိတာ သိတာ အပထားပါ၊ အမေ ဆိုတာကတော့ ရှိတယ်။ အမေဆိုတာ ရှိတယ်။

နောက်တစ်ခု စဉ်းစားတယ် အမေ။ ကမ္ဘာကြီး ကမ္ဘာကြီးတွေမှာ အာဒမ်နဲ့ဧဝကပဲစတယ်လို့ ပြောပြော၊ ဗြဟ္မာကြီးလေးပါးကပဲ စတယ်လို့ ပြောပြော သူတို့ထဲမှာ



အမေဆိုတဲ့ က္ကတ္တိလိင် ကျေးဇူးရှင်ပါလာလို့သာ ကမ္ဘာကြီး အဆက်မပြတ်ဘဲနဲ့ ဒီကနေ့အထိ ကျွန်တော်တို့ အထိ သားစဉ်မြေးဆက်ဖြစ်လာတာမဟုတ်လားအမေ။ ဒါကြောင့် မ သတ္တဝါများ အမများဟာ အမေတွေဖြစ်မယ့်အမများဟာ ကမ္ဘာ့မိခင်လို့ မခေါ်ထိုက်ဘူးလား အမေရယ်။

နောက်တစ်ခု အမေ။ ကမ္ဘာပေါ်မှာ သာသနာ့မိခင်လို့ရော မခေါ်ထိုက်ဘူးလား အမေ။ အမေ စဉ်းစား ကြည့်ပါနော်။ တမန်တော်ပဲဖြစ်ဖြစ်၊ ခရစ်တော်ပဲဖြစ်ဖြစ်၊ ဗုဒ္ဓ ပဲ ဖြစ်ဖြစ် အမေ့ဝမ်းကြာတိုက်က လာတယ် မဟုတ်လား အမေ။ အမေနဲ့သာ ပတ်သက်ပြောရရင် အကုန်လုံး ညီမျှတယ်လို့ ကျွန်တော်က ပြောလိုက်ချင်ပါတယ်။

သုံးလူ့ရှင်ပင်၊ ကျွန်ုပ်ထိပ်တင်၊ သောင်းခွင် စကြဝဠာ၊ နတ် ဗြဟ္မာတို့၊ ညီညာရှိုးစု၊ တောင်းပန်မှုကြောင့်– ဘယ်လို တောင်းပန်သလဲ။

"အလောင်းတော်နတ်သား၊ အသင် လူ့ပြည် ဆင်းပြီးတော့ အမိဝမ်းမှာ သန္ဓေယူပါတော့၊ ဘုရားဖြစ်ချိန် တန်ပါပြီ"

နတ်ပြည်မှာ ဘုရား မဖြစ်နိုင်ဘူး အမေရေ။ ဟုတ်ဖူးလား၊ ဗြဟ္မာ့ပြည်မှာ ဘုရား မဖြစ်နိုင်ဘူး အမေ။ ဒါကြောင့် ကျွန်တော်တို့ လူ့ပြည်ဟာ ဘယ်လောက် အဖိုးတန်သလဲဆိုတာ–

"ဗုဒ္ဓုပ္ပါဒေါဘာဝေါ ဒုလ္လဘော လောကသ္မိံ၊

Generated by CamScanner from intsig.com

မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ။ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော။ သဒ္ဓမ္မသဝနံ အတိ ဒုလ္လဘံ၊ ဧဝံဒီဝသော ဒီဝသော ဩဝါဒီ”

မြတ်စွာဘုရားက နေ့တိုင်းနေ့တိုင်း ဟောတာနော်။ ဆွမ်းခံက အပြန်မှာ နေ့တိုင်းဟောတာ။

ဓမ္မစကြာတရားကိုယ်ကြီးကို တစ်နေ့တည်း ဟောတာ။ အနတ္တ လက္ခဏာသုတ်ကို တစ်နေ့တည်းဟောတာ။ တရားကိုယ်ကို ပြောတာနော်။ ဒီကနေ ကျယ်ပြန့်သွားတဲ့ဟာတွေတော့ ကျွန်တော် ဆိုလိုတာ မဟုတ်ဘူးနော်။

မနုဿတ္တဘာဝေါ ဒုလ္လဘော နေ့တိုင်း ဟောတယ်။ ဘာဖြစ်လို့ နေ့တိုင်း ဟောသလဲ။ မနုဿတ္တမှာ အခုန အကုသိုလ် ကုသိုလ်တွေရှိတယ်။ ဘုရားအလောင်း ဖြစ်နိုင်တယ်။ ဘုရားဖြစ်တော်မူနိုင်တယ်။

ဒါကြောင့် မြင်းခြံ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီးက ဟောထားတယ်။

‘စေတီတော်အတွင်း ရွှေဆင်းတု သွင်းဘိသကဲ့သို့’

ကြည့်စမ်းပါဦး၊ ဂန္ထသေယျကို ဆရာတော် ဘုရားဖွဲ့ထားတာနော်။ စေတီတော်အတွင်း ရွှေဆင်းတု သွင်းဘိသကဲ့သို့ သနင်းတောင်ညာ မယ်မာယာ၏ ရတနာပလ္လင်တိုက်ဝမ်းဝင်၍ မြန်းရွှင်သနွေ တည်စံနေခြင်း–တဲ့။ မယ်တော် မာယာရဲ့ ဝမ်းမှာ ဝင်စားရတယ် မဟုတ်လား အမေ။

ဒီလိုပဲ ဒီလိုပဲ ဘာသာတွေ ဘာသာတွေ အကုန်



လုံးမှာ အမေဆီက တမန်တော်တွေ၊ အမေဆီက ခရစ်တော်တွေ၊ အမေဆီက ဗုဒ္ဓတွေ၊ အမေဆီက ပစ္စေကဗုဒ္ဓတွေ အမေဆီက အဂ္ဂသာဝက၊ မဟာသာဝကတွေ ထွန်းပေါ်လာကြတယ်မဟုတ်လား အမေ။ ဒီတော့ ကမ္ဘာ့မိခင်များ၊ ကမ္ဘာ့အမေများ၊ သာသနာ့မိခင်များ၊ သာသနာ့အမေများလို့ ကျွန်တော်ပြောရင် အမေ ခွင့်လွှတ်မှာပါ အမေရယ်။

ကောင်းပြီအမေ၊ ကျွန်တော်ပြောစရာရှိတယ်၊ အများကြီး ပြောစရာရှိတယ်နော်၊ ပရိယတ္တိအနေနဲ့ ကမ္ဘာအမျိုးမျိုးရှိတယ် အမေ။ သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကမ္ဘာတဲ့။ ဘုရားတစ်ဆူပွင့်တယ်၊ ဘုရားနှစ်ဆူ ပွင့်တယ်၊ ဘုရားသုံးဆူ ပွင့်တယ်၊ ဘုရားလေးဆူ ပွင့်တယ်၊ ဘုရားငါးဆူ ပွင့်တယ်။

အခု ကျွန်တော်တို့ရဲ့ ကမ္ဘာကြီးက ဘုရားငါးဆူပွင့်တယ်။ အမေ–ဖြုန်းခနဲပြောလိုက်တော့ လွယ်လွယ်လေးနော် အမေ။ အသေအချာကြည့်လိုက်တဲ့အခါကျတော့ ဘုရားတစ်ဆူပွင့်ပြီးတဲ့နောက် နောက်ဘုရားတစ်ဆူပွင့်တဲ့ကမ္ဘာ တိုက်ရိုက်လာတာ မဟုတ်ဘူး အမေ။ ဘာတွေခံနေသလဲ အမေ။ အမေတို့ငယ်ငယ်ကတည်းက သီချင်းတွေရပါတယ်။ ကျိုက်လတ်ဆရာကြီးဦးပြုံးချိုရေးတဲ့ သီချင်းတွေ အမေတို့ ကျွန်တော့်အဖိုးတို့ ကောင်းကောင်းရခဲ့တာပေါ့။

ရှည်လျားတဲ့ သုညကမ္ဘာတွေမှာ ......။

Generated by CamScanner from intsig.com

အင်မတန့် အင်မတန် ရှည်လျားတဲ့၊ သင်္ချာပြ၍ ဂဏန်းချ၍ မပြနိုင်အောင်ကို ရှည်လျားတဲ့ သုညကမ္ဘာမှာ ဗုဒ္ဓ မပွင့်တဲ့ သုညကမ္ဘာတွေ အများကြီး အများကြီးရှိတယ် အမေ။ ကျွန်တော်စဉ်းစားမိတယ်အမေ၊ ဗုဒ္ဓသခင် ကိုယ်တော်မြတ် ကျေးဇူးရှင်ကြီးများဟာ ပွင့်ချိန်တန်မှ ပွင့်တယ်၊ မပွင့်တဲ့ကမ္ဘာတွေမှ အများကြီး မပွင့်ဘဲနဲ့ နေကြတယ်။

သို့သော်လည်း အမေ၊ ကျွန်တော် စဉ်းစားမိတာ လွန်သလား အမေ၊ ဘုရားသာ ဆက်တိုက်မပွင့် ရှိရမယ်၊ အမေတွေကတော့ ပွင့်နေကြတယ် အမေ။ ကမ္ဘာတိုင်း ကမ္ဘာတိုင်းမှာအမေတွေရှိတယ်အမေ၊ အမေစဉ်းစားကြည့်စမ်း၊ ကျွန်တော် ဒီလိုပဲ စဉ်းစားမိတယ်။ဒီတော့ အမေ့ ကျေးဇူးတွေ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ် ကိုယ်တော်တိုင် သိတော်မူတယ်။

အဲ-ပြောလိုက်ကြဦးစို့၊ ပြောလိုက်ကြဦးစို့၊ ပြောလိုက်ကြဦးစို့၊ ဟိုဘက် ရောက်သွားမှာစိုးလို့ စကားပြန်သိမ်းလိုက်ရအောင်၊ ကေသာဋကပုဏ္ဏားကြီးက 'အောင်ပြီဟေ့ အောင်ပြီ အောင်ပြီ' လို့အော်လိုက်တဲ့အချိန်ကလေးမှာ ပသေနဒီကောသလမင်းကြီးက မြတ်စွာဘုရား ဖူးရအောင် လာနေတယ်။ အဲဒီအချိန်မှာ 'အောင်ပြီ အောင်ပြီ' လို့ မနက်စောစောအော်သံကြားလိုက်တဲ့အခါမှာ မင်္ဂလာ ယူပြီးတော့ 'သုတမင်္ဂလာရှိပါပေတယ်၊ ဘယ်သူလဲဟေ့ ဘယ်လိုအောင်တာလဲဟေ့ သွားပြီးတော့ စစ်ဆေးမေးမြန်းကြစမ်း၊



ခေါ်ခဲ့စမ်း' ဆိုတော့ ကေသာဋကပုဏ္ဏားကြီးကို သွားခေါ်တယ်။ ကြည့်စမ်း မင်္ဂလာအစွဲအလမ်းများရှိလိုက်ကြတာ ဒိဋ္ဌ တဲ့၊ သုတ တဲ့၊ မုတ တဲ့။

"မင်း-ဘာလဲကွ အောင်ပြီ အောင်ပြီနဲ့ဘာအော်တာလဲ"

"အရှင်ဘုရား၊ ဘုန်းတော်ကြီးသောမဟာရာဇာ၊ ကျွန်တော်မျိုးဟာ ညဥ့်သုံးယံကာလပတ်လုံး သဒ္ဒါနဲ့မစ္ဆေရ တိုက်ပွဲမှာ နောက်ဆုံး ဘုရားကျွန်တော်မျိုး၏ သဒ္ဒါက အောင်နိုင်ခဲ့ပြီး တစ်ထည်တည်းသာ ရှိတဲ့ ပုဆိုးကို လှူဖြစ်အောင် ကြိုးစားခဲ့တဲ့အတွက် ဘုရားကျွန်တော်မျိုးကြီး အောင်တယ်လို့ အော်လိုက်တာပါ"

"ဟာ-မင်းသဒ္ဒါတရားကို ငါချီးမွမ်းတယ်၊ ချီးမြှောက်ရမှာပေါ့။ ဟဲ့- မင်းကြီးများ၊ ပုဆိုးတစ်ထည်တည်း ရှိတဲ့လင်မယားတော့ နှစ်ထည်ပေးလိုက်စမ်း၊ ဆုချလိုက်၊ နှစ်ထည်ပေးလိုက်"

ပုဆိုးနှစ်ထည်ရတော့ ကေသာဋကပုဏ္ဏားကြီးက "တစ်ထည်တည်း ရှိတာတောင် ငါလှူခဲ့သေးတာပဲ၊ နှစ်ထည် ရတယ်၊ နှစ်ထည်သွားလှူလိုက်မယ်" ဆိုပြီးတော့ သွားလှူတယ်။

"ဟာ- ပုဏ္ဏားကြီးနှစ်ထည်သွားလှူပြန်ပြီ အရှင်ဘုရား"

"ဟယ်-လေးထည်ပေးလိုက်စမ်းကွာ"တဲ့၊

Generated by CamScanner from intsig.com

လေးထည် ပေးတယ်၊ ဟာ–သွားလှူပြန်တာပေါ့။ သဘာဝကို ပြောပြမယ်နော်၊ ဒါဇာတ်ထဲမှာမို့လို့ ဒီလို ပြောတာမဟုတ်ဘူး။ မဇ္ဈေရနဲ့ သဒ္ဓါနဲ့ယှဉ်တိုက်တဲ့အခါမှာ လှူတဲ့လူက အလှူပွဲ အောင်မြင်သွားလို့ရှိရင် ဆက်တိုက် ဆက်တိုက် လှူချင်လာတယ်။ ဒါ သဘာဝဓမ္မ၊ ဓမ္မနိယာမ။ နိယာမက ဒီလိုလေ၊ မဇ္ဈေရက အောင်သွားလို့ မလှူဖြစ်တော့ဘူးဆိုရင် နောက်နှစ်လည်း မလှူဖြစ်ဘူး၊ နောက်နှစ်လည်း မလှူဖြစ်ဘူး၊ အလကား ဆင်ခြေအမျိုးမျိုး တက်နေမှာပဲ။

သဒ္ဓါတရားက အောင်မြင်တယ်ဆိုရင် လှူလေရလေ၊ လှူလေရလေ၊ ရသလောက်လှူတယ်။

ရသလောက် လှူတယ်ဆိုတာ လှူဖူးတဲ့သူတွေ သိလိမ့်မယ်၊ မန္တလေးရွှေမြို့တော်ကြီးက အလှူနဲ့ပတ်သက်ပြီး ကျွန်တော်တို့ရန်ကုန်ထက် အများကြီး အများကြီး သာပါတယ်။ ဒီလို သာသနာ့ဗိမာန်မျိုးဆိုတာ ကျွန်တော် ဒီတစ်ခေါက် ရောက်ဖူးပါတယ်။ ဆရာကြီးဦးလှသိန်းရဲ့ ကျေးဇူးကို ဟိုတုန်းကတည်းက ကျွန်တော်သိခဲ့ပါတယ်။ ဒီကို မရောက်ခဲ့ဖူးပါဘူး။

ဆရာကြီးဦးလှသိန်းနဲ့ ကျွန်တော်နဲ့ အင်မတန်ခင်ခဲ့ပါတယ်။

သူက "ကိုသုခရယ်–ခင်ဗျားနဲ့ ကျွန်တော်နဲ့ ရှေ့တက် နောက်တက်တောင် တရားတက်ဟောလိုက်ချင်



တယ်" တဲ့။ ဆရာကြီးက အဲဒီလောက် ကျွန်တော့်ကို ချီးမြှောက်ခဲ့ပါတယ်။ သူ့ကောင်းမှု သူ့ပယောဂနဲ့ ဒီလောက် ထူးချွန်တာ ကျွန်တော်အခုများ .....

အဲဒီတော့ဆိုကြပါစို့။

"ရှစ်ထည်လှူကွာ၊ ရှစ်ထည် ပေးလိုက်စမ်း"

ရှစ်ထည် ပေးတယ်။ ထပ်လှူပြန်တယ်။

ဆယ့်ခြောက်ထည်ပေးတယ်။ ထပ်လှူပြန်တယ်။

သုံးဆယ့်နှစ်ထည် .....။

အဲဒီတော့ ဧကသာဋကပုဏ္ဏားကြီးက

"ငါ ဆတက်ထမ်းပိုး ရတိုင်း လှူနေရင် ငါ့ သဒ္ဓါတရားကို သူ ပြစ်မှားတော့မယ်။ ကဲ ၃၂ ထည်နဲ့တော်ပြီ။ ငါတစ်ထည်၊ ပုဏ္ဏေးမကြီးတစ်ထည် နှစ်ထည်ယူပြီးတော့ ကျန်တဲ့ အထည်သုံးဆယ်ကို သံဃာတော်တွေ သွားလှူမယ်" ဆိုပြီး သွားလှူလိုက်ပါတယ်။

ကျွန်တော် ပြောချင်တာလေး တစ်ခုရှိပါတယ်။ ကျွန်တော် အခုနှစ်ပေါင်း ၃၀ တောင် ကြိုးစားပြီးတော့မှ အခုအောင်မြင်တယ်။ ဘယ်လိုအောင်မြင်ပုံလဲ။ မြန်မာ့နန်းတည် မြန်မာ့နန်းစံ ရတနာပုံ မန္တလေးရွှေမြို့တော်ကြီးက စ ပြီး အောင်မြင်တယ်။ ကြည့်စမ်း၊ ကျွန်တော့် သဒ္ဓါတရား ဘယ်လောက်အောင်မြင်သလဲ။ မမျှော်လင့်ပါဘူး၊ ကျွန်တော် မမျှော်လင့်ဝံ့ပါဘူး မမျှော်လင့်ဝံ့ပါဘူးခင်ဗျား။ မြန်မာ့ရိုးရာ ဓလေ့ထုံးစံ ယဉ်ကျေးမှုကို အစဉ်အမြဲထိန်းသိမ်းလာ

Generated by CamScanner from intsig.com

ခဲ့တဲ့ မန္တလေးရတနာပုံ မြို့တော်ကြီး၊ ပရိယတ္တိမှာ အင်မတန် ထင်ရှားတဲ့ တက္ကသိုလ်လို့ ခေါ်ထိုက်တဲ့ စာသင် စာချ ဆရာတော်ကြီးတွေ၊ ပရိယတ္တိ မှာ မန္တလေးနဲ့ ပခုက္ကူ လောက် မရောက်ဖူးရင် စာတတ်မဟုတ်သေးဘူး၊ သံဃာ့ လောကမှာ ဒီလောက်တောင် ချီးကျူးရတဲ့ ပရိယတ္တိ သာသနာ ထွန်းလင်းရာနေရာတွေ၊ အဲဒီနေရာမှာမှ အခု သာသနာ့ ဗိမာန်ကြီးမှာ ကျွန်တော် သာသနာ အကြောင်း ပြောရတာ အို–ကျွန်တော့်လောက် ကံကောင်းတဲ့သူ ဘယ်ရှိ ပါ့မလဲ။

အဲဒီလို အောင်မြင်တဲ့အတွက် အခုကြည့်စမ်း၊ ပထမနှစ်မှာဆိုပေမယ့် စာရေးဆရာတွေရဲ့ကျေးဇူးကြောင့် သတင်းစာထဲမဂ္ဂဇင်းထဲမှာ ဒီမှာလုပ်မယ်လို့ အစီအစဉ်တွေ ပါလာတော့ ပုသိမ်က လိုက်လာတယ်၊ ကျွန်တော်တို့လည်း လုပ်ချင်ပါတယ်၊ မန္တလေးက လုပ်မယ်ဆိုတာ ဘယ်လိုပါ လဲ။ အစီအစဉ်တွေကျွန်တော့်ဆီလာတောင်းတယ်။

မုံရွာက လုပ်မယ်၊ ပေါ–ညကလာတယ်၊ ကျွန်တော် ငွေလှူလိုက်ပါသေးတယ်။ သဝဏ်လွှာလည်း ပေး လိုက်တယ်။

နောက်တောင်ကြီးကလုပ်မယ်၊ ဒီလိုသတင်းကြားတယ်။ ဒါတွေကဘာလဲ။ ဧကသာဋကပုဏ္ဏားကြီးပုဆိုးတွေ တိုးလာသလို၊ ကျွန်တော်တိုးတယ်လို့ ကျွန်တော်ဒီလိုလက် ခံလိုက်တယ်။ ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်။

ဧကသာဋကပုဏ္ဏားကြီးကို ပုဆိုးတွေ ဘယ်သူက



ပေးသတုံး။ ပသေနဒီ ကောသလမင်းကြီးက ပေးတယ်။ အမေနေ့အခမ်းအနားကို ဒီလိုလုပ်ခွင့်ရအောင် ဘယ်သူက ပေးသတုံး။ နိုင်ငံတော်က ကျွန်တော့်ကို ပေးတယ်။ နိုင်ငံတော်က ပေးအပ်လိုက်တဲ့အတွက် မြို့တစ်မြို့ကနေ နှစ်မြို့၊ နှစ်မြို့ကနေ လေးမြို့၊ လေးမြို့ကနေ ရှစ်မြို့၊ ဖြစ်လာနိုင် စရာတွေ ရှိတယ်။

နိုင်ငံတော်ကကျွန်တော့်ကိုယုံစားတယ်၊ အမှတ် အသားပြုတယ်၊ ဒါတွေကိုတော့ပရိသတ်များသိပါတယ်။ ပသေနဒီ ကောသလမင်းကြီးက ဧကသာဋကပုဏ္ဏားကို ယုံလို့ ပုဆိုး သုံးဆယ့်နှစ်ထည် ချီးမြှောက်သလိုပဲ ကျွန် တော်တို့ သဒ္ဓါတရားခန့်ခန့် စေတနာသန့်သန့်နဲ့၊ အမေဆို မှ အမေဆိုတဲ့ရည်ရွယ်ချက်နဲ့၊ အနှစ်သာရ ပြည့်စုံစွာနဲ့ လုပ် နေတယ် ဆိုတာကို နိုင်ငံတော်က ယုံစားပြီး နောင်နှစ် နောင်နှစ်တွေမှာ မြို့ပေါင်း လေးဆယ် ငါးဆယ်လောက် မှာ လုပ်ဖို့ နိုင်ငံတော်က ခွင့်ပြုပါလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

ဒီထက် အမေနေ့ဆိုတာ မြန်မာပြည်ရဲ့ ပြက္ခဒိန် ထဲမှာ နိုင်ငံတော်အကူအညီနဲ့များ တွေ့ရရင် ရောက်ရာ ဘဝကနေ ကျွန်တော် ကျေနပ်နေမှာပဲ။ တစ်ခုတော့ရှိတာ ပေါ့၊ သဒ္ဓါသန့်သန့် စေတနာခန့်ခန့် သန့်သန့်စင်စင် အနှစ် သာရပြည့်စုံစွာနဲ့ အမေဆို အမေပဲ၊ အမေ့ကိုပူဇော်တာပဲ ဆိုတာကို လက်ခံကြဖို့တော့ လိုပါလိမ့်မယ်။

Generated by CamScanner from intsig.com

ဒီတော့ကျွန်တော်ဆုတောင်းပါတယ်။ အမေနေ့တွေ များများစွာများစွာလုပ်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်နော်။ ကျွန်တော်ပြောချင်တာတွေအများကြီးပဲအမေ။ အမေသိပါတယ်။ မြို့တိုင်းမြို့တိုင်းမှာသားသမီးတွေရှိကြတယ်။ 'ခင်ဗျားပြောမှလား၊ ကျွန်တော်တို့လည်း ကိုယ့်အမေကိုကိုယ် သတိရတာပေါ့ဗျာ'လို့ ပြောကြမှာပဲ နော်။ နိုင်ငံတကာမှာ အမေနေ့ရှိတယ်။ ကျွန်တော်နဲ့ အခု ပါလာပါတယ်။ အမျိုးသမီးဒါရိုက်တာဒေါ်သင်းသင်းယု။ ၁၉၉၂ ခုနှစ်က ထင်ပါရဲ့နော်။ ဂျပန်ပြည်ကို ကျွန်တော်သွားတာ ၅ ခေါက် ရှိပါပြီ၊ ၅ ခေါက်သွားတဲ့အထဲမှာ ၃ ခေါက်မှာ သက်ကြီးပူဇော်ပွဲနဲ့ ကျွန်တော် အကန်တော့ ခံရပါတယ်။ သူတို့ကတော့ ကန်တော့တယ် မဟုတ်ဘူးပေါ့လေ၊ ပူဇော်တယ်ပေါ့။ လက်ဆောင်ပေးတယ် ပေါ့၊ သက်ကြီး တွေကို လက်ဆောင်ပေးတယ်ပေါ့၊ ကျွန်တော် အပါအဝင်ပေါ့။ မြို့တိုင်းမှာ သွား လက်ခံရတယ်၊ ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို သိလို့လား၊ မဟုတ်ပါဘူး၊ ဗီဇာနဲ့ ကျွန်တော်တို့ ဝင်လိုက် ကတည်းက ကျွန်တော်တို့ရဲ့ မွေးသက္ကရာဇ်ကို မှတ်ထားတယ်။

ကျွန်တော် ရောက်တဲ့ မြို့ရွာက ရပ်ကွက်ကလေးမှာ ရှိတဲ့ အသင်းအပင်းတွေက အသက် ၈၀ ပြည့်တယ်ဆိုတဲ့ လူတွေကို စာရင်းလိုက် ကောက်ပြီးတော့ ရပ်ကွက်အသင်းတိုက်တွေမှာ သက်ကြီးပူဇော်ပွဲလုပ်ပါတယ်။ အဲဒီ



လို လုပ်တဲ့အခါမှာ ၃ ကြိမ်တိုင်တိုင် ပူဇော်တာကို ကျွန်တော်လက်ခံရပါတယ်။ ကျွန်တော်ပြောချင်တာက တခြားမဟုတ်ပါဘူး။

၁၉၉၂ ခုနှစ်ကျတော့ ဒေါ်သင်းသင်းယုရယ်၊ ကျွန်တော့်ဇနီးသည်ရယ်၊ ကျွန်တော်ရယ် သွားကြတယ်။ ကျွန်တော့်သားက တိုကျိုမှာ၊ ကျွန်တော်သားနဲ့အတူတူလုပ်နေတာက ဒေါ်သင်းသင်းယုရဲ့သား၊ သားအငယ်ပါ။ အဲဒီရောက်သွားတဲ့အခါကျတော့ မေလ ၅ ရက်နေ့၊ အမေများနေ့၊ အမေနေ့ သူတို့လုပ်ကြပါတယ်၊ ကင်းစံ ဂင်းစံဆိုတာ ကြားဖူးမလားတော့ မသိပါဘူး၊ အမွှာညီအစ်မ၊ ၁၈၉၂ ခုနှစ်က မွေးတဲ့ အမေကြီးနှစ်ယောက်ပေါ့။ တစ်ယောက်မှ မသေမပျောက်သေးဘဲ အမွှာညီအစ်မ ကျန်းကျန်း မာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နဲ့ မျက်မှန်မတပ်ရဘူး၊ သွား မကျိုးဘူး။

ကျွန်တော်အဲဒီတုန်းကအောက်မေ့တယ်၊ အော်–တို့ဆီမှာရှိတဲ့ရွှေဟင်္သာဆရာတော်ဘုရားကြီးနဲ့တူလိုက်တာနော်လို့ကျွန်တော်တွေးမိပါတယ်။ အဲဒီအမေတွေကို အစိုးရက သော်လည်းကောင်း၊ ရပ်ရွာက သော်လည်းကောင်း အကုန်လုံးပူဇော်ကြတယ်။ အလှူငွေထည့်ကြတယ်၊ အစားအသောက်တွေ ကျွေးမွေးကြတယ်။ အဲဒီ အမေနှစ်ယောက်ကလည်း ပျော်ပျော်ရွှင်ရွှင် ရယ်ကာမောကာနဲ့ သူ့တို့ ဝမ်းသာအောင် စားပြတယ်၊ စာတွေဖတ်ပြတယ်။ သူတို့ ဒီနေ့

Generated by CamScanner from intsig.com

စာတွေဖတ်နိုင်သေးတယ်လို့ပြောပြတယ်။ အို--လှိုက်လှိုက် လှဲလှဲလုပ်ကြတယ် အားကျလိုက်တာ။

တစ်နေ့တော့ ကျွန်တော့်သားရဲ့မိတ်ဆွေက ကျွန်တော်တို့ ၃ ယောက်ကို ဖိတ်တယ်၊ ဒေါ်သင်းသင်းယုရယ်၊ ကျွန်တော့်ဇနီးရယ်၊ ကျွန်တော်ရယ်။ အဲ–ကျွန်တော်တို့သားနှစ်ယောက်လဲပါတာပေါ့လေ၊ ဟိုရောက်သွားတဲ့အခါကျတော့ အိမ်ဝက ကြိုပြီးတော့ အိမ်ရှင်က ဘာလုပ်သလဲဆိုတော့ ပန်းအစစ် လတ်လတ်ဆတ်ဆတ် ပန်းစည်းနှစ်စည်းနဲ့ ဒေါ်သင်းသင်းယုကိုတစ်စည်း၊ ကျွန်တော့် အမျိုးသမီးကိုတစ်စည်း ရိုရိုသေသေ ဂါရဝတရားနဲ့ ဂျပန်လိုခေါင်းလေးညိတ် ဒူးလေးထောက်ပြီးတော့ ပေးပါတယ်။ သူတို့ဆီမှာ ပန်းစည်းဆိုတာ အင်မတန်အဖိုးတန်တာပါ။

ကျွန်တော်အောက်မေ့တယ်၊ 'သက်ကြီးပူဇော်ပွဲ မှာ ငါ့ကိုလူတွေအများကြီးကန်တော့တယ်၊ ဒီတစ်ခါတော့ ငါ့ကျော်ပြီး သူတို့ကို ကန်တော့နေပါလား၊ ဘယ်လိုလဲ' အဲဒီလို ထင်နေတုန်း အဲဒီဂျပန်မိတ်ဆွေက ပြောတယ်။

"ဒီနေ့ အမေများနေ့ပါ၊ အမေနေ့ပါ၊ အဲဒီတော့ ခင်ဗျားတို့ နှစ်ယောက်ဟာ မိုင် ၃၀၀၀ လောက်က လာပြီးတော့ သားသမီးကို လာတွေ့တဲ့ အမေရဲ့ စေတနာတွေကို လေးစားသောအားဖြင့် ခင်ဗျားတို့ နှစ်ယောက်ကို ဂုဏ်ပြုခြင်းဖြစ်ပါတယ်"တဲ့။

အော်--ကျွန်တော်ဝမ်းသာရမလို၊ ဝမ်းနည်းရမလို



ဖြစ်သွားတယ်၊ ပန်းစည်းတစ်စည်းက အင်မတန်အဖိုးတန်ပါတယ်။ သိတဲ့ လူများ သိကြပါလိမ့်မယ်။ ဂျပန်မှာ လေးလေးစားစားနဲ့။ နောက်ပြီးတော့မှ ကျွန်တော့်ကို မေးတယ်၊

"ခင်ဗျားတို့ မြန်မာပြည်မှာရော အမေနေ့ရှိလား"

"အော် - အင်း - အဲ - ရှိပါတယ်၊ ရှိပါတယ်"

မုသားသစ္စာကိုသုံးခဲ့ရတယ်။

"ရှိပါတယ်"လို့ ကျွန်တော်ပြောတဲ့ဟာ သီတင်းကျွတ် လပြည့်နေ့ပေါ့။ နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့ဆိုရင် မိဘတွေကို ကန်တော့ကြတယ်၊ အမေနေ့ကြောင့် ကန်တော့တာလား၊ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။

မြတ်စွာဘုရား တာဝတိံသာက သင်္ကဿနဂိုရ် ပြည်ကို ပြန်ဆင်းလာတော့ အဲဒီနေ့မှာဘုရားကိုပူဇော်တဲ့အချိန်မှာသက်ကြီးဝါကြီးတွေကိုပါ ပူဇော်လို့ အမေနေ့လိုလို ဆရာနေ့လိုလိုဖြစ်နေတာပါ။ ဒါကြောင့်မုသားတော့မုသားပဲ၊ သစ္စာတော့သစ္စာပဲ၊ မုသားပေမဲ့လဲ မှန်တာကလေးတော့ ရှိတယ်ပေါ့။

အဲဒီတော့ အမေနေ့ဟာ သူတို့တိုင်းပြည်တွေမှာ ရှိနေကြတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ထေရဝါဒ လိုက်နာနေကြတဲ့ မြတ်စွာဘုရားရဲ့ သာသနာအဆုံးအမကို လက်ခံနေပါတယ် ဆိုတဲ့ မြန်မာပြည်ကြီးမှာ အမေနေ့ ဆိုတာ မရှိသေးဘူး။ ဒါကျွန်တော်တို့ ကျွန်တော်တို့ သားသမီးတွေရဲ့ တာဝန်ပဲ။

Generated by CamScanner from intsig.com

ဒီတော့တစ်ယောက်ချင်းတစ်ယောက်ချင်းဆိုရင် ဘိက္ခုဖြစ်တယ်။ ဘိက္ခုတွေစုပေါင်းလာတဲ့အခါသံဃာဖြစ်တယ်။ သံဃာဖြစ်ရင်ကံကြီးကံငယ်ကို အတူတကွ တူမျှညီမျှစွာကျင့်နိုင်တယ်၊ သင်္ဃါယနာတောင်တင်နိုင်သေးတာပဲ။ အမေနေ့မရှိနိုင်စရာအကြောင်းမရှိပါဘူး၊ မဖြစ်နိုင်ရင်ကျွန်တော်တို့ညံ့လို့ပဲ၊ နော်။

နောက်ဆုံး မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးက မေတ္တသုတ်မှာ ဘယ်လိုဟောထားသလဲ။ ကြည့်စမ်းပါ အမေကို ဘယ်လောက်ချီးကျူးထားသလဲ။

မာတာယထာနိယံပုတ္တ မာယုသာ ဧကပုတ္တ မနုရက္ခေ။

ဗမာလိုရှင်းရှင်းပြောကြစို့။ သတ္တဝါအများကို သနား ကြင်နာသောမေတ္တာနဲ့ပို့ရမယ့်အခါမှာ မင်းတို့ကို မင်းတို့ အမေလို သဘောထားလိုက်ပါတဲ့။ ယောကျ်ားတွေကိုပါပြောတာနော်။ ဟောတာကိုက ရဟန်းပေါင်း ငါးရာကို ဟောတာနော်၊ မိန်းမတွေကို ဟောတာ မဟုတ်ဘူး။ ယောကျ်ားတွေကိုပြောတာ။

"ငါ့သားများ၊ ဘိက္ခုများ၊ မင်းတို့တွေက မွေးတဲ့ အမေ လို သဘောထားပြီးတော့ ဧကပုတ္တ မနု ရက္ခေ တစ်ယောက်တည်းသောသားကို စောင့်ရှောက်ဘိသကဲ့သို့ တစ်ယောက်တည်းသောသားကို အသက်ရှည်လိုမှုနဲ့ စောင့်ရှောက်ခဲ့သကဲ့သို့၊ ဧဝံမေသဗ္ဗပါဏိနံ အလုံးစုံသော



သတ္တဝါအပေါင်းတို့အား အမေလိုမေတ္တာပို့ကြပါ" တဲ့။

မဟာ ကရုဏာမှာ သူနဲ့မနိုင်းအပ်လို့သာ၊ မဟာမေတ္တာမှာ သူနဲ့မနိုင်းအပ်လို့သာ ငါလိုပို့ကြပါလို့ မပြောသာလို့သာ မပြောတာ၊ ငါမှတစ်ပါး ဘယ်သူနဲ့ အတူပို့ရမလဲ ဆိုရင် အမေနဲ့အတူပို့ပါ၊ အမေနဲ့တူအောင်--။ အမေကို ဘယ်လောက် ကိုယ်စားပြုသွားသလဲ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကနော်။

ကဲ–သူကိုယ်တိုင်ရော၊ သူကိုယ်တိုင်ရော။ ကျေးဇူးကိုသိတဲ့လူရှားတယ်၊ ကျေးဇူးကိုဖော်ပြောရမယ့်လူရှားတယ်။ ကျေးဇူးကိုပြန်ဆပ်တဲ့လူရှားတယ်တဲ့။ အဲ မြတ်စွာဘုရားကိုယ်တော်တိုင်ပြန်ဆပ်တာ ကျွန်တော်တို့ သိပြီးသားပါ။ သိပြီးသားလေးကို ကျွန်တော်သတိပေးချင်တာ၊ သိပြီးသားထဲမှာ မသိတာလေးတွေရှိလိမ့်မယ်နော်၊ မသိတာလေးတွေ ရှိတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာဆိုတာ လူတိုင်းလူတိုင်းပါပဲ၊ သိသလိုလိုနဲ့ မသိတာတွေရှိတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည် ကဏ္ဍာဆိုတဲ့သရက်ဖြူပင်ရင်းမှာ တန်ခိုး ပြာဋိဟာပြတယ်။ ဘာလို့ပြသလဲ၊ သတ္တဝါကိုငဲ့ညှာတဲ့အကျိုးငှာပြတယ်။ တိတ္ထိကြီးတွေရဲ့အကျိုးငှာပြတယ်၊ ဝိထိ ဘယ်လို သူနိုင်တယ်ဆိုတာကို ပြတယ်။ ဒါကြောင့်ထူးမခြားနား၊ မီးရေစုံသား ရောင်တော်ထွေပြားလို့ ပါပါတယ် နော်။ ယမက ပြာဋိဟာ ပြတယ်။

ဘုရားကာယပသာဒ ချက်တော်ဗဟိုမှ အထက်ပေါ်တစ်ခိုတွင် အာပေါကသိုဏ်းဖြင့် ပထဗျာတစ်ကြောက လှိုင်း၍ မြေတုန်လို့ကြွလောက်တဲ့ ရေအစုန်ကျကာကျကာ ခါးအပြင်အောက်မှာတော့ တစ်အားရှင်လောက်အောင် ရွှေသဘောပိုင်းပြီး တေဇောကသိုဏ်း အရဟံပွားလိုက်လျှင် နှစ်တန်စုလျား မြေဟည်းလို့တုန်လောက်တဲ့ ရေမီး အစုံအစုံနှင့် ပြတော်မူနိုင်သောမြတ်စွာဘုရား။

ရေမီးအစုံနဲ့မြတ်စွာဘုရားတန်ခိုးတော်ပြပြီးတဲ့နောက် ရတနာစင်္ကြံဖန်ဆင်းပြီးတဲ့နောက် လွန်တော်မူသောမြတ်စွာဘုရားများဟာအဲဒီလို ယမကပြာဋိဟာပြပြီးရင်ဘာများကိုစွလုပ်ကြသေးလို့တုံး။ ဗုဒ္ဓနိယာမ၊ ဗုဒ္ဓရဲ့ကျင့်စဉ်တွေကို ဆင်ခြင်လိုက်တဲ့အခါမှာ ဗုဒ္ဓဝင်တွေပေါ်လာတော့ အော်–ဒီအချိန်မှာ ပြာဋိဟာပြပြီးရင် တာဝတိံသာမှာ အမေတော်ခဲ့ဖူးတဲ့နတ်သားကို သွား တရား ဟောရမှာ ဗုဒ္ဓထုံးစံပဲ။ ကြည့်စမ်း၊ အမေသိပါတယ်နော် အမေ။

မြတ်စွာဘုရားရဲ့မယ်တော်အရင်းဟာ မဟာမာယာဒေဝီမဟုတ်လား အမေ။ မဟာမာယာဒေဝီဟာ နတ်ရွာစံသွားပြီ၊ နတ်ရွာစံတော့ တာဝတိံသာမှာ သန္တုသိတနတ်သား သွားဖြစ်တယ် အမေ။ အမေ တစ်ဖြစ်လဲ ပေါ့၊ အမေ တစ်ဘဝလဲ ပေါ့၊ အမေအရင်း မဟုတ်ဘူးလို့ ပြောရင်လည်း ပြောနိုင်တာပေါ့။ သို့ပေမဲ့ အမေအရင်းမဟုတ်တဲ့ အမေတစ်ဘဝလဲကို ကျေးဇူးဆပ်ရအောင် မြတ်စွာဘုရား



တာဝတိံသာကို ကြွတယ်။ အဘိဓမ္မာတရားဟောရအောင် သွားတာပေါ့ အမေ။

အဲဒီမှာ လူတိုင်းမသိတာလေးကို သား ပြောလိုက်ချင်ပါတယ်။ အမေ့ဂုဏ်ကျေးဇူးနဲ့ ဆက်နွယ်နေတာကိုး။ ရှုတ်တရက်အမှတ်မထားရင် မသိပါဘူးအမေ။

မြတ်စွာဘုရားတို့ မည်သည်မှာ သတ္တဝါများရဲ့ အကျိုးစီးပွားအလို့ငှာ တရားဟောသွားရမယ်ဆိုရင် မြောက်ကျွန်းကိုလည်း ကြွတန်ကြွတယ်၊ အနောက်ကျွန်းကိုလည်း ကြွတန်ကြွတယ်၊ အာကာသခရီးနဲ့ ဈာန်အဘိညာဉ်နဲ့ ကြွတန်ကြွတယ်။ မြေပြင်မှာ ခြေလျင်လျှောက်ပြီး ကြွတန်ကြွတယ်၊ ယူဇနာ ၆၀ ခရီးတောင်မှ ခြေလျင်လျှောက်ပြီး ကြွတယ်။ ရာဇဂြိုဟ်ပြည်ကနေ ကပ္ပိလဝတ်ပြည်ကို ကြွတာလေ၊ ယူဇနာ ၆၀ တောင် ဝေးတာပေါ။ တစ်နေ့မှာ တစ်ယူဇနာ၊ တစ်နေ့မှာ တစ်ယူဇနာ၊ တစ်ယူဇနာဆိုတာ ဗမာလို ၈ မိုင် လောက်ရှိတယ်။ တစ်နေ့ တစ်ယူဇနာ သွားတော့ ရက်ပေါင်း ၆၀ သွားရတယ်။ နှစ်လကြာအောင် သွားရတယ်။ မြတ်စွာဘုရား အဲဒီလောက် အပင်ပန်းခံတယ်။ ကပ္ပိလဝတ်ပြည် ဘုရင် သုဒ္ဓေါဒနမင်းကြီးဆီကို သွားပြီးတော့ တရားပြဖို့လေ၊ အဖေ့ကို တရားပြဖို့။

အခုအမေ့ကိုတရားပြမယ်၊ တာဝတိံသာကြွမယ်၊ ဘယ်လိုကြွသလဲ၊ အမှတ်တမဲ့နေရင်တော့ တာဝတိံသာ ကြွသွားတယ်၊ ဒါပဲသိမယ်။ အမေ့ကို ကျေးဇူးဆပ်ဖို့ တာဝတိံ

Generated by CamScanner from intsig.com

သာ ကြွမယ်လို့ အကြံဖြစ်လိုက်တာနဲ့ ဈာန်အဘိညာဉ်နဲ့မဟုတ်ဘူးနော်၊ ခြေလျင်ကြွသွားတယ်။ တာဝတိံသာကို ခြေလျင်ဘယ်လိုကြွသလဲ၊ အမေ့ ကျေးဇူးဆပ်ဖို့ သွားမလို့ ဆိုတဲ့ မြတ်စွာဘုရားရဲ့ အာသယာနုသယအကြံတော်ကို သိတာနဲ့တစ်ပြိုင်နက် မြင်းမိုရ်တောင် ခါးပန်းက ယုဇနာ လေးသောင်းနဲ့ နှစ်ထောင် အမြင့်ရှိတဲ့ ယုဂန္ဓိုရ်တောင်က မြတ်စွာဘုရားရဲ့ ဘယ်ဘက်ခြေဖဝါးအောက်ကို ငုံ့လျှိုးပေး လိုက်တယ်၊ မြတ်စွာဘုရားက အဲဒီ ယုဂန္ဓိုရ်တောင်ပေါ်ကို ခြေတစ်လှမ်းတင်လိုက်တယ်၊ ယုဂန္ဓိုရ်တောင်က မြတ်စွာ ဘုရားကို မြှောက်တင် ပေးလိုက်တယ်၊ (ဈာန်အဘိညာဉ် မဟုတ်ဘူးနော်) မြှောက်တင်ပေးလိုက်တဲ့အခါကျတော့ မြင်းမိုရ်တောင် ခါးပန်းလောက် ရောက်သွားတယ်။

မြင်းမိုရ် တောင်ကြီးက ဒီလိုကြည့်တယ်–

"အော်– မြတ်စွာဘုရားကို ယုဂန္ဓိုရ်တောင်က ပင့် လာသကိုး၊ မယ်တော်မိနတ်သားကို တရားဟောရအောင် ပင့်လာသကိုး၊ အေး–ငါ့တောင်ခါးပန်းလောက်ရှိတဲ့ တောင် ငယ် ကလေးကတောင် ကျေးဇူးသိတတ်သေးတာပဲ၊ အမေ့ ကျေးဇူးကိုဆပ်ဖို့ ကြွလာတော်မူတဲ့ မြတ်စွာဘုရားကို ငါက ရော ဒီလို နေလို့ ဘယ်ဖြစ်ပါ့မလဲ"

ယုဂန္ဓိုရ်တောင်ထိပ်ကို မြတ်စွာဘုရား ရောက်တဲ့ အချိန်မှာ မဟာမြင်းမိုရ်တောင်ကြီးက ယုဂန္ဓိုရ် တောင်ထိပ် နဲ့ လာညီမျှအောင်နေလိုက်တယ်၊ အဲဒီလိုနေလိုက်တဲ့ အခါ



မှာ မြတ်စွာဘုရားက ညာတစ်ဖဝါး လှမ်းလိုက်တယ်။ လှမ်း လိုက်တော့ မဟာမြင်းမိုရ်တောင်ထိပ်ရောက်တယ်။ သူက နေ ပြန်ပြီးတင်ပေးလိုက်တယ်။ တာဝတိံသာတံခါးဝရောက် သွားတော့မှ မြတ်စွာဘုရားက တာဝတိံသာကို ခြေတင် လိုက်တယ်။ သုံးဖဝါး နှစ်လှမ်း ရှိတယ်၊ နော်။ သုံးဖဝါးနဲ့ နှစ်လှမ်း။

ဆရာတွေရဲ့ကျေးဇူး၊ ကျွန်တော့်ဆရာတွေရဲ့ကျေး ဇူးကြောင့်သာသိရတာပါ၊ အမှတ်တမဲ့နေရင် တာဝတိံသာ ကြွသွားတယ်၊ ဒီလောက်ပဲမြင်မှာပေါ့။ စစ်စစ်ပေါက်ပေါက် ရှိတဲ့လူရှိပါတယ်၊ သိတဲ့သူသိပါတယ်၊ မသိသေးတဲ့လူတွေ အတွက် ကျွန်တော်ပြောနေတာပါအမေ။

ရတနစင်္ကမဋ္ဌ ရတနာစင်္ကြံမှာဘဂဝါသနင်း အမှန် မနေး တမင်ရှုဆလိုက်တော့ ရှေး ကတညုတ သတိအမှတ် ထားပြီး အမိနတ်သားသန္တုသိကို၊ မဟာမာယာဒေဝီမဟုတ် တော့ဘူးနော်၊ မဟာမာယာဒေဝီက သန္တုသိ နတ်သား ဖြစ် နေပြီ။ တစ်ဘဝလဲတဲ့ အမေတောင် ကျေးဇူးသိတယ် နော်။

ရတနစင်္ကမဋ္ဌ။ ရတနာစင်္ကြံမှ ဘဂဝါသနင်း အမှန် မနေးတမင်ရှုဆလိုက်တော့ ရှေး ကတညုတ သတိ အမှတ်ထားပြီး အမိနတ်သား သန္တုသိကို ဓမ္မခံချုပ်အဆီ အဘိဓမ္မာဟောရအောင် ဇိနာစော နှလုံးထားမှန်းပြီး သုံး ဖဝါး နှစ်လှမ်းဖြင့် တာဝတိံသာသို့ ကြွတော်မူနိုင်သော မြတ်စွာဘုရား။

အမေ့ကျေးဇူးဆပ်ဖို့သွားတဲ့မြတ်စွာဘုရားကို ဘယ်လိုများ ဝိုင်းဝန်းကူညီလိုက်ကြသလဲ။ ခြေလျင်ကြွသွားတယ်။ ဒါကိုရွှေတောင်မြို့ကျိုးသဲလေးထပ်ဆရာတော်ဘုရားဟောထားပါတယ်။

သက်မရှိသည့် ဂီရိဗဟို တောင်မြင်းမိုရ်က အလိုလိုက်ကာ ညွတ်ငိုက်လာရခြင်းတည်းဟူသော ယထာကာမာဝသာယီတာဂုဏ်တော်။

အသက်မရှိပါဘူး၊ မြင်းမိုရ်တောင်မှာအသက်မရှိပါဘူး။ ယုဂန္ဓိုရ်တောင်မှာ အသက်မရှိပါဘူး၊ အဲဒီလိုအသက်မရှိတဲ့တောင်တွေကတောင်မှ မြတ်စွာဘုရားကို ကူပံ့ချီးမြှောက်ပါတယ်။ အမေ့ကျေးဇူးဆပ်ဖို့နော်။ ကျွန်တော်ပြောချင်တာတွေအများကြီးပါ။ ဒီတော့ကျွန်တော် အတိုချုပ်ပါမယ်။

ကိုယ်ဉာဏ်နဲ့ကိုယ်၊ ကိုယ့်သတိနဲ့ကိုယ်စဉ်းစားကြပါ၊ ကျွန်တော်တိုက်တွန်းဖို့ လိုသလား၊ မလိုဘူးလား။ အမေနေ့တွေဘယ်လိုပြုစုပျိုးထောင်ကြမလဲ၊ နှစ်တိုင်းနှစ်တိုင်း ဘယ်လိုဖြစ်အောင်လုပ်မလဲ။ အမေတွေရဲ့ ကျေးဇူးဘယ်လောက်အထိ ကျွန်တော် ခံစားလာသလဲဆိုရင် အမေသည် ကျွန်တော့်လောက် ပညာ မတတ်ချင်နေပါစေ၊ အမေသည် အမေပါပဲ။ ကျွန်တော်က တစ်ဘဝပြောင်းလာတယ်၊ တစ်ဘဝမှာဖြစ်လာတဲ့ ရာထူး ရာခံနဲ့ ထင်ရှားကျော်စောလာတယ်။ အမေ့မှာ ဘာဂုဏ်မှ မရှိဘူး။ ဟာ- အမေဟာ



အမေပါပဲ။ အမေဆင်းရဲတယ်၊ ကုန်းကောက်စရာတောင်မရှိပါဘူး၊ အမေ့ဆီကအမွေဆိုလို့ မျှော်လင့်စရာမရှိပါဘူး၊ ဟာ-အမေဟာ အမေပါပဲ။အမေဟာ နူရွဲ့နေတယ်နော်၊ ရောဂါဝေဒနာဖောက်ပြန်လို့ နူရွဲ့နေတယ်၊ အင်း-ကျွန်တော်ထဘီကို ခေါင်းပေါ် တင်လျှော်ခံ ဝံ့ပါတယ်။ အမေဟာ အမေပါပဲ။ အမေသည် ကိုယ်ကျင့်တရား ပျက်သွားတယ်ဗျာ၊ ပျက်ပါစေ၊ အမေဟာ အမေပါပဲ။ အမေဟာ ကျွန်တော့်အပေါ်မှာ ဝတ္တရား လုံးဝ မကျေပါဘူးတဲ့။ မကျေရင် နေပါစေ၊ အမေဟာ အမေပါပဲ၊ နားနဲ့မနာ ဖဝါးနဲ့နာ ပြောလိုက်ပါရတော့၊ အမေဟာ ကျွန်တော့်မျက်စိအောက်မှာပဲ မိန်းမရှင် ဖြစ်နေပါစေ၊ အမေဟာ အမေပါပဲ။

ဘာဖြစ်လို့လဲ၊ အာဝေဏိကဒုက္ခ ၅ ပါး ကျွန်တော်တို့အတွက် ခံစားခဲ့ရတယ်။

အသည်းနှလုံးက စကားပြောရသည်။ ကလလရေကြည် သန္ဓေတည်စက နေ့နေ့ညည အထိုင်အထ အသွားအလာ များစွာ ခက်ရှာမည်၊ မတတ်သာပြီ .....။

ကျွန်တော်ကိုယ်တိုင်က ယောကျ်ားလေး ဖြစ်နေတော့ အာဝေဏိကဒုက္ခကို မခံစားဖူးပါဘူး။ ခက်ရှာလိမ့်မယ်လို့ ကျွန်တော် ဒီလို ထင်တာပါ။

နေ့နေ့ညညအထိုင်အထ အသွားအလာ များစွာ ခက်ရှာမည် မတတ်သာပြီ .....။ အန္တရာယ်ကြီး သေဘေးနဲ့နီးပေမယ့်-

ကျွန်တော်တို့ကြားဖူးတယ်လေ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများဟာ တစ်နေ့ကို သင်္ဘောင်းကို မျက်စောင်း သုံးခါထိုးတယ်၊ ဒါကြောင့်မို့ အင်မတန် သေလွယ် ပျောက်လွယ်ဖြစ်တတ်တယ်။ သားကောင်းဆယ်ယောက်မွေးတာနဲ့ သားဆိုးတစ်ယောက် မွေးရင် အမိမှာ အန္တရာယ်ဖြစ်တယ်၊ ဒါကြောင့်မို့ ထိခိုက်မှု ရှောင်ရှားရတယ်၊ အနေအထိုင် အသွားအလာက ရှောင်ရှား ရတယ်။ အပူအစပ် အစား အစာ ရှောင်ရှားရတယ်၊ အသက်ရှင်ရက် မွေးခဲ့တဲ့ အခါ မွေးပေမယ့် ဝမ်းထဲမှာတွင် ပဋိသန္ဓေမှာ အသက်မရှိတဲ့ ကလေးမွေးရင် အင်မတန်မှမိဘဒုက္ခပေးတယ်၊ အမေကို ဒုက္ခပေးတယ်၊ အဲဒီဟာကိုရှောင်ရှားပြီး သတိနဲ့နေရတယ်။ သတိနဲ့စားရတယ်၊ သတိနဲ့အိပ်ရတယ်။

ကိုယ့်သားလေးအတွက် ကျန်းမာရေးကို ဂရုစိုက်ပြီးတော့ ကိုယ်ကိုယ်တိုင် ကျန်းမာအောင် နေရတယ်။

*အန္တရာယ်ကြီး သေဘေးနဲ့နီးပေမယ့် သမီးလေလား သားလေလား ခွဲခြားလို့မသိမီ အမိသည် တဝန် တပိုးနဲ့ မြတ်နိုးလို့မဆုံး အသည်းနှလုံးက အမြဲပြုံးလို့ စကားပြောကြပြီ။*

စဉ်းစားကြည့်ပါနော်၊ ယောကျ်ားတွေပါစဉ်းစား ကြည့်ပါနော်၊ သမီးတွေတင် မဟုတ်ဘူး။ ကိုးလလွယ်ပြီးတော့ ဆယ်လရောက်ပါပြီတဲ့။ အခက်အခဲကရှိသေးတယ်။

*သားရွှေစင်ဖွားမြင်ပြန်တော့လည်း၊ အားမာန်ခဲ*



*လို့မျက်ရည်ရွဲစို၊ ချွေးသံယိုလို့၊ တဖိုလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ ဆန့်တန်းလှိမ့်လူး၊ မိန်းမူးငြီးငြူ၊ သည်းအူပြတ်မျှ ခံစားရပါသည် .....။*

*ဒါပေမယ့်လည်း အူဝဲ အူဝဲအသံကလေးကို ကြားလိုက်ရတယ်ဆိုရင်ပဲ အသည်းနှလုံးက အမြဲပြုံးလို့ စကားပြောကြသည်။*

အမေ–ကျွန်တော် ဒါတွေခံစားခဲ့ရတယ်။ ဒါကြောင့် ကျွန်တော် တတ်နိုင်သမျှလိုက်ပြီးဆော်ဩပါတယ်။ ကျွန်တော် မာန လုံးဝ မရှိဘူးလို့ မပြောဝံ့သော်လည်း မာန အင်မတန်ခိုင်ပါတယ်။ အမေ့ကျေးဇူးတွေကြောင့် ကျွန်တော် ပရိသတ်များရဲ့အရေးတယူရှိမှု၊ အလေးပြုမှု၊ အသိအမှတ်ပြုမှုတွေ ခံရပါတယ်။ သာသနာနဲ့ ပတ်သက်ပြီးတော့ ဘွဲ့တွေ ရပါတယ်။ ရသမျှဟာတွေက အမေ့ကြောင့် ဆိုတဲ့ သတိလေးရှိလိုက်တာနဲ့ ကျွန်တော့မှာ လွတ်လွတ် လပ်လပ် မာနကြီးခွင့် မရတော့ပါဘူး။ မကြီးချင်တော့ပါဘူး။

ကဲ နောက်ဆုံး အမေ၊ ယခုဘဝမှာ ယနေ့အထိ ကျွန်တော်ပြုခဲ့သမျှ ကောင်းမှုအဖို့ဘာဂ ဟူသမျှကို အမေ့ကို အမှူးထားပြီး ကမ္ဘာပေါ်ရှိသမျှ ဘာသာခြား လူမျိုးခြား မကျန် ကုန်ကုန်ပြောလိုက်မယ်ဆိုရင် တိရစ္ဆာန်မိခင်တွေပါ မကျန် သဗ္ဗေသတ္တာကိုး အမေရဲ့၊ သဗ္ဗေသတ္တာ။ အဲဒီ သဗ္ဗေသတ္တာ အကုန်လုံးအပေါ်မှာ ကျွန်တော့်ကုသိုလ် အဖို့ဘာဂကို အမျှ အမျှ အမျှ ဝေပါတယ် အမေ။ အခု အမေ ကျွန်

Generated by CamScanner from intsig.com

ကျွန်တော့်ကို ပြုံးကြည့်နေတဲ့ ဘဝက ပတ္တာနုမောဒနာ သာဓု ခေါ်နိုင်ပါစေ အမေရယ်။

အော်–ပရိသတ်များခင်ဗျား။ ကျွန်တော်အမေနဲ့ သာ စကားပြောနေမိပါတယ်။ ကျွန်တော့်ကို ခွင့်ပြုကြပါ။ ပရိသတ်များလည်း ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံစွာ အမေ့ကျေးဇူးပြုနိုင်တဲ့ ပရိသတ်များဖြစ်ပါစေလို့ ဆုတောင်းရင်း နိဂုံးချုပ်ပါတယ် ခင်ဗျား။

[ဤဟောပြောချက်ကို ဦးသိန်းဟန် (မြန်မာ့အသံသိန်းဟန်) နှင့် ဦးစိုးမြင့်(ချစ်လွမ်းပို–မြန်မာ့အသံ)တို့က ကက်ဆက်ခွေမှ စာသားအဖြစ် ပြောင်းလဲကူးယူ၍ ဆရာကြီးဦးသုခနှင့် ဦးကျော်ဦး (ပါရမီစာပေ)တို့က တည်းဖြတ်ပါသည်။]

## အမေနေ့ကျင်းပရေးနှင့်ဆရာကြီးဦးသုခ၏ဆန္ဒ

ပြာသိုလပြည့်နေ့သည် အေးချမ်းသော၊ ကြည်လင်သော၊ သာယာသော အခါကာလ ဖြစ်သောကြောင့် အမေ၏ မေတ္တာကို တင်စားသောအားဖြင့် အမေနေ့ ဟု သတ်မှတ်လိုပါသည်။ အမေများနေ့ သို့မဟုတ် အမေ့နေ့ (အမေ၏နေ့) ဟု မသတ်မှတ်လိုပါ။ Mothers' Day Mother's Day မဟုတ်ပါ။ Mother Day သာ ဖြစ်စေလိုပါသည်။ အမေ တစ်ဦးတစ်ယောက်၏ မွေးနေ့မဟုတ်၊ ပုဂ္ဂလဓိဋ္ဌာန် တစ်ဦးတစ်ယောက်၏ မိခင်တစ်ဦးဦးကိုသာ ပူဇော်ခြင်းမျိုး မဟုတ်၊ အသိအမှတ်ပြုခြင်းမျိုး မဟုတ်၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသနိုင်ငံမရွေး၊ သားတို့ သမီးတို့၏ မိခင်တစ်ဦးစီကို သားသမီးအသီးသီးက ပူဇော်ကန်တော့ခြင်းမျိုး ဖြစ်စေလိုပါသည်။

အမေဟူရာ၌ ဥစ္စာဓနပေါများခြင်း၊ ဆင်းရဲခြင်း၊ ဂုဏ်ရှိဂုဏ်မဲ့၊ အမျိုးမြတ်ခြင်း၊ အမျိုးနိမ့်ခြင်း၊ ပညာရှိခြင်း၊ ပညာမဲ့ခြင်း၊ ရုပ်ရည်တင့်တယ်ခြင်း၊ ရုပ်ရည်မတင့်တယ်ခြင်း၊ ကိုယ်ကျင့်တရား ပြည့်ဝခြင်း၊ ကိုယ်ကျင့်တရား ချို့ငဲ့ခြင်း၊ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ မိခင်တို့၏ဝတ္တရားကျေပွန်ခြင်း၊ မိခင်တို့၏ဝတ္တရားပျက်ကွက်ခြင်း၊ စသည်တို့

ကား ပဓာနမဟုတ်၊ အမေသည် အမေသာဖြစ်၏ ဟူသော အနှစ်သာရကိုသာ ကြည်ညိုရမည်ဖြစ်သည်။

သို့သော် မိမိမြို့ရွာ၊ မိမိရပ်ကွက်အတွင်း၌ ရှိကြသော အမေများအနက် အသက်အရှည်ဆုံး သက်တော်ရှည်မယ်တော်ကြီးတစ်ဦးကိုသာ ထိုဘွဲ့ကို အပ်နှင်း ပူဇော်၍ တစ်စု တစ်ဝေးတည်း ဂုဏ်ပြုပွဲမျိုးတော့ဖြစ်စေလိုပါသည်။

ထိုအခမ်းအနားတွင် စိစစ် ရွေးချယ် ဆုံးဖြတ်ဆုပေးပြီးသော ကဗျာရွတ်ခြင်း၊ စာတမ်းဖတ်ခြင်း၊ ဝတ္ထုတိုဖတ်ခြင်း၊ ဂီတတီးမှုတ်သီဆိုခြင်း၊ တစ်ခန်းရပ်ပြဇာတ် ပြသခြင်း၊ အချိန်တို ရုပ်ရှင် ဗီဒီယိုပြသခြင်းတို့ဖြင့် အမွှမ်းတင်နိုင်ပါသည်။ အခမ်းအနားကျင်းပချိန်မှာ ၄ နာရီထက် မပိုစေလိုပါ။ ထိုပွဲကို ဖန်တီးနိုင်ရန် စေတနာ သဒ္ဓါတရားရှိသူများထံမှ အလှူငွေ ကောက်ခံနိုင်ပါသည်။

ပုဂ္ဂလခိဋ္ဌာန် မိမိတို့၏အမေများအတွက်အလှူငွေကောက်ခံခြင်းမျိုး မဖြစ်ပေလိုပါ။ မိမိတို့၏ အမေများကို မိမိတို့၏ အိမ်ဂေဟာများ၌ပင် ပူဇော်ကန်တော့နိုင်ပါသည်။

Generated by CamScanner from intsig.com